# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၇)ရက် ၊ အင်္ဂါနေ့ ၊ (17-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၈)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား၊ ကျောင်းသူများ ယနေ့မှစ၍ စာမေးပွဲများ ပြန်လည်ဖြေဆို




**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်အစိုးရအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများဖြေဆိုနိုင်ရန် ဧပြီ ၂၈ ရက်မှ စတင်ကာ သတ်မှတ်ထားသည့်မြို့နယ်များရှိ ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး စာမေးပွဲပြန်လည်ကျင်းပမည့်ရက်ကို ဇွန် ၁၆ ရက်မှ ၂၁ ရက်ထိ သတ်မှတ်ခဲ့သည်။

ယနေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်များမှ

စာမျက်နှာ ၁၇ ကော်လံ ၁

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပသည့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရန် လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

## မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၁၆**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၂၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊

စာမျက်နှာ ၁၆ ကော်လံ ၁

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၇ ရက်
အယ်ဒီတာ့အာဘော်

# သစ်တောသစ်ပင်တိုးပွားရေးသည် အမျိုးသားရေးတာဝန်

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့်ကောင်းမွန်သည့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို နိုင်ငံတစ်ဝန်း စည်စည်ကားကား ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံလည်းဖြစ်သည်။ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကို သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု ပိုမိုအားကောင်းလာစေရန် နိုင်ငံတော်အစိုးရက ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားပေးဖော်ဆောင်ကာ နှစ်စဉ်ကျင်းပနေခြင်းပင်ဖြစ်သည်။

**"နိုင်ငံတော်အနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီထိ နိုင်ငံအဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော် ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်တွင် မိမိကိုယ်တိုင်ဦးဆောင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲ ၉ ကြိမ်ပြုလုပ်ခဲ့ပြီး ၃၂၀၉၇၀၃ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရှင်သန်ဖြစ်ထွန်းမှု ၃၀၃၂၉၈၂ ပင် (၉၄ ရာခိုင်နှုန်း)ရှိကြောင်း၊ ဖြန့်ဝေစိုက်ပျိုးခဲ့သည့် သစ်ပင်များသည် သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း၌ စိုက်ပျိုးခြင်းသာမကပဲ သစ်တောနယ်မြေပြင်ပနေရာများ၌လည်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း"** စသည်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန် ၁၅ ရက်နေ့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိ သက်ရှိအများစုသည် သစ်ပင်များကို အမှီသဟဲပြုကာ အသက်ရှင်နေထိုင်နေကြရသည်။ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်စေပြီး ကျန်းမာရေးထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လေထုအတွင်းမှ ဖယ်ရှားပေးသည်။ ထို့ပြင် သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး စသည့် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသည့် သက်ရှိတို့၏ ထာဝရကျေးဇူးရှင်များပင်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံ၏ သဘာဝအရင်းအနှီးသစ်ပင်သစ်တောများ ပိုမိုတိုးပွားလာပြီး ပတ်ဝန်းကျင်ရေးရာနှင့် ဂေဟစနစ်ပျက်သုဉ်းမှုအန္တရာယ်မှ အလျင်အမြန်ကာကွယ်ရန်အတွက် သက်ရှိများ၏ထာဝရကျေးဇူးရှင်သစ်ပင်သစ်တောများကို စဉ်ဆက်မပြတ်တိုးပွားလာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ပစ္စုပ္ပန်နှင့် အနာဂတ် လူသားမျိုးနွယ်တို့၏ ဘဝရှင်သန်ရပ်တည်မှုအတွက်၊ လူ့လောက၏ မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သာယာလှပသော နေချင်စဖွယ်ကမ္ဘာကြီးကို လက်ဆင့်ကမ်းထူထောင်နိုင်မည်သာ ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်နေမှု စစ်ဆေး

**ဝမ်းတွင်း ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဘုရားစုကျေးရွာအုပ်စု ဘုရားစုကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်နေမှုနှင့် သံဆန်ခါခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ဇွန် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်း အလျား ပေ ၁၉၀၊ အနံ ပေ ၉၀၊ အမြင့် ငါးပေနှင့် အရှည်ပေ ၃၈၀ ရှိ သံဆန်ခါခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့သည်။

ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၈၆ သန်းဖြင့် ဘုရားစုကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းအလျားပေ ၁၉၀၊ အနံပေ ၉၀၊ အမြင့်ငါးပေနှင့် အရှည်ပေ ၃၈၀ ရှိ သံဆန်ခါခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ သိရသည်။

**အောင်ရဲကျော်**

# ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံလျာထား ၁၀၅၅ ဧကကို ယခုနှစ်ဇွန်လစတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမိုးသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"မိုးသီးနှံစိုက်တဲ့ ကာလမှာ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ စားဖိုဆောင်သီးနှံတွေ အရည်အသွေးကောင်းပြီး အထွက်နှုန်းတိုးဖို့၊ ဈေးကွက်ဝင်သီးနှံဖြစ်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံကို အစုံစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ ကြက်သွန်၊ နံနံ၊ မုန်လာထုပ်၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ် နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် လှော်ကားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှော်ကားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် လှော်ကားကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးများဆပ်ကော်မတီအဖွဲ့က ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀ နှင့် ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ပေါတောမြို့နယ် ဂရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၀၂၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုတော ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဂရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၀၂၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ် ဂရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၀၂၃ ဧကကို ယခုနှစ် ဇွန်လစတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဂရုတ်ကောင်းမြို့အတွင်းမှာ မိုးစပါး ၁၄၀၂၃ ဧကကို လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့အကူအညီတွေနဲ့ နည်းပညာတွေကို ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးတွေ လျာထားဧကပြည့်မီစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မြေပြင်ထိကြိုတင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဂရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုတတ်စေရေး ၊ အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး စသည့် အသိပညာပေး လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်း စစ်ဆေး

**မလှိုင် ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇွန် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖက်ကုန်းကျေးရွာတွင် နို့စားနွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၇၆၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် ကွင်းဆင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းနိုင်မည် ဖြစ်သောကြောင့် ပဲစင်းငုံကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)



# မိုင်းခိုင်းမြို့စား ဦးယမ်နှင့် ပိဋကတ်တော်သမိုင်း

## ပြေအေးသက်

ပိဋကတ်တော်အုပ်အဖြစ် ၂၂ နှစ် အမှုထမ်းခဲ့၍ ပိဋကတ်တိုက်တွင်သာအနေများသဖြင့် မင်းတုန်းမင်းတရားကြီးက "မောင်ယမ့်မှာ သူ့ပိဋကတ်တိုက်နှင့်ပင် နေရှော့သည်" ဟူ၍ပင် ဆိုမြည်ရသောသူ၊ ပဌမသင်္ဂါယနာတင်ရာ၌လည်း အပါး ၂၄၀၀ မျှ အရေအတွက်ရှိသော ဆရာတော်၊ သံဃာတော်တို့ စာပြန်ဆိုရာ၌ ကြီးမှူးကြပ်မတ်ရသောသူ၊ မြန်မာစာလုံးပေါင်းသတ်ပုံကို ထိုခေတ်က ကင်းဝန်မင်းကြီးနည်းတူ အမှားမခံဘဲ တံ့ပြန်ပြောဆို လျှောက်ထားသောသူ၊ အသက် ၁၅ နှစ်တိုင်အောင် ကျောင်းသားသူငယ်အဖြစ်နှင့် စာပေသင်ကြားပြီးလျှင် သာမဏေပြုကာ လေးနှစ်တိုင်တိုင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်စသော သင်ရိုးကျမ်းများကို သင်ကြားပြီး အသက် ၂၀ အရွယ်တွင် ရဟန်းပြု၍ နှစ်နှစ်တိုင်တိုင် စာပေကျမ်းဂန်များကို သင်ကြားဆည်းပူးခဲ့သောသူ အပြင် စာရေးဆရာမဒဂုန်ခင်ခင်လေး၏ မိခင်နှင့် ဘေးတော်စပ်သူဖြစ်သည့် မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယျသူ ဦးယမ် အကြောင်းပင် ဖြစ်သည်။

**ဦးယမ်မှသည်**

ဦးယမ်ကို သက္ကရာဇ် ၁၁၇၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်တွင် စလင်းမြို့နယ် သမန်းရင်းရွာ၌ ဖွားမြင်ခဲ့ပြီး မိဘနှစ်ပါးမှာ ဦးကျော်စံနှင့်ဒေါ်လုံလေးတို့ ဖြစ်သည်။ ၁၁၉၉ ခုနှစ် အသက် ၂၂ နှစ်အရွယ်တွင် လူထွက်ကာ ရွှေဘိုမင်းထံတွင် မင်းမှုထမ်းရာ ဖြဲတိုက်သံတော်ဆင့်အဖြစ် ကိုးနှစ်အမှုထမ်းပြီး ၁၂၀၈ ခုနှစ်တွင် နန်းတက်သည့် ပုဂံမင်းလက်ထက်၌ ဤရာထူးဖြင့်ပင် ခြောက်နှစ် အမှုဆက်ထမ်းခဲ့သည်။ ၁၂၁၄ ခုနှစ် မင်းတုန်းမင်းနန်းတက်သောအခါ သံတော်ဆင့် မကွေးမြို့စားအဖြစ် အမှုထမ်းရပြန်သည်။ ထို့နောက် ရှေ့တော်ပြေးမှူး၊ ရတနာလှော်ကားတော်အုပ်၊ ရွှေနန်းမြောက်ဥယျာဉ်တော်အုပ်၊ ထိုမှ မဟာသီရိဇေယျသူဘွဲ့ဖြင့် မိုင်းခိုင်းမြို့စားရသည်။ ဦးယမ်၏ရှေ့က မိုင်းခိုင်းမြို့ကို စားရသူမှာ လောင်းရှည်မိဖုရားဖြစ်ပြီး ဦးယမ်၏နောက်က မိုင်းခိုင်းမြို့ ခဏစားရသူမှာ သီပေါမင်းသားဖြစ်ကာ နောက်တွင် သီပေါမြို့နှင့် လဲပေးခဲ့သည်။ လောင်းရှည် မိဖုရားသည် သီပေါမင်း၏ မယ်တော်ဖြစ်ပြီး ပဒေသရာဇ်စနစ်၏ နောက်ဆုံးသော ရှင်ဘုရင့်မယ်တော်ဖြစ်သည်။

မိုင်းခိုင်းမြို့စား ဦးယမ်သည် ပိဋကတ်တော်အုပ် တာဝန်ပေးအပ်ခံရပြီးနောက် ခင်မမင်းဝန်ခေါ် နန်းမတော်ဝန်၊ ၎င်းမှ အတွင်းဝန်၊ လက်ရွေးကြီးလှော်ကားတော်အုပ်ဖြင့် အမှုထမ်းရသည်။ ၁၂၄၀ ပြည့်နှစ် သီပေါမင်းလက်ထက်တွင် အတွင်းဝန်၊ ခင်မမင်းဝန်၊ မိုင်းခိုင်းမြို့စားနှင့် လက်ရွေးကြီးလှော်ကားတော်အုပ်တို့အပြင် စစ်ကိုင်း၊အမြင့်မြို့ဝန်စုနယ်မြေတွင် အမြင့်ကိုဗဟိုပြု၍ အမြင့်၊ ချောင်းဦး၊ အလ္လကပ္ပ၊ ပရိမ္မနှင့် ကျောက်စရစ်၊ အလုံနှင့် ဒီပဲယင်းမြို့ ရှစ်မြို့၏ အဌမဌာန စစ်ကိုင်းခရိုင်ဝန်ဖြစ်လာသည်။ ပိဋကတ်တော်အုပ်ဖြစ်သည့်အားလျော်စွာ ပဉ္စမသင်္ဂါယနာတင်ခြင်းနှင့် ကျောက်ထက်အက္ခရာထွင်းခြင်းလုပ်ငန်းများ တစ်ဆက်တည်းလုပ်ဆောင်နေရချိန်လည်းဖြစ်၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကသုံးပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ရွှေရေး၊ မင်ရေး၊ ကညစ်ရေးတို့ဖြင့် ရေးသားပြုစုသည့် ပိဋကသုံးပုံ ရေးထွင်းနေမှုများ ပြီးစီးအောင် ဆိုင်ရာအစုအမှုထမ်းတို့ဖြင့် ကြပ်မတ်ဆောင်ရွက်ရသည်။

**ပဉ္စမသင်္ဂါယနာ**

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ဘုရားရှင်၏ တရားတော်များ မပျက်စီး မပျောက်ပျက်ရလေအောင် ဘုရားရှင်၏ တရားဓမ္မများကို ကျွမ်းကျင်တတ်ကျွမ်းသော သံဃာတော်များ စုပေါင်းပြီး ဗုဒ္ဓ၏ဓမ္မကို သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်ရန်အတွက် စစ်မှန်သော ဓမ္မကိုသာ သံဃာများ၏ သဘောတူညီမှုရယူကာ ရွတ်ဖတ်မှတ်တမ်းတင် အတည်ပြုကြခြင်းကို သင်္ဂါယနာတင်ခြင်းဟုခေါ်သည်။ သင်္ဂါယနာသည် "သံ" စုပေါင်း၍ "ဂါယနာ" ရွတ်ဆိုခြင်းဖြစ်ပြီး သင်္ဂါယနာသည် စုပေါင်း၍ ရွတ်ဆိုခြင်းဖြစ်သည်။ ပဉ္စမသင်္ဂါယနာတင်ခြင်းကို သာသနာတော်နှစ် ၂၄၁၅၊ သက္ကရာဇ် ၁၂၃၃ တန်ခူးလပြည့်ကျော် ၁၁ ရက်တွင် သင်္ဂါယနာစတင်ကြ၍ ၁၂၃၃ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်တွင် သင်္ဂါယနာတင်ခြင်းအမှု ပြီးမြောက်အောင်မြင်ကြသည်။ နှုတ်ဖြင့်ရွတ်ဆို၍ သင်္ဂါယနာတင်ကြရာ ငါးလ နှင့် သုံးရက်အကြာတွင် ပြီးစီးအောင်မြင်ခဲ့သည်။

**❖ ဦးယမ်ကို သက္ကရာဇ် ၁၁၇၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်တွင် စလင်းမြို့နယ် သမန်းရင်းရွာ၌ ဖွားမြင်ခဲ့ပြီး မိဘနှစ်ပါးမှာ ဦးကျော်စံနှင့် ဒေါ်လုံလေးတို့ဖြစ်သည်။ ၁၁၉၉ ခုနှစ် အသက် ၂၂ နှစ်အရွယ်တွင် လူထွက်ကာ ရွှေဘိုမင်းထံတွင် မင်းမှုထမ်းရာ ဖြဲတိုက်သံတော်ဆင့်အဖြစ် ကိုးနှစ်အမှုထမ်းပြီး ၁၂၀၈ ခုနှစ်တွင် နန်းတက်သည့် ပုဂံမင်းလက်ထက်၌ ဤရာထူးဖြင့်ပင် ခြောက်နှစ် အမှုဆက်ထမ်းခဲ့သည်။ ၁၂၁၄ ခုနှစ် မင်းတုန်းမင်းနန်းတက်သောအခါ သံတော်ဆင့် မကွေးမြို့စားအဖြစ် အမှုထမ်းရပြန်သည်။ ❖**

ပိဋကတ်တော်များကို ပေ၊ ပုရပိုက်များပေါ်တွင် ရေးသားထားခြင်းအားဖြင့် ကြာရှည်စွာ မခိုင်မြဲ၊ မတည်တံ့နိုင်ခြင်း၊ မူအမျိုးမျိုးကွဲနေခြင်း စသောအန္တရာယ်များမှကာကွယ်ရန် ကျောက်ထက်အက္ခရာတင်ခြင်းကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် ကျောက်သားပေါ်၌ စတင်ထွင်းထု၍ ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်တွင် ကျောက်ထက်အက္ခရာပြီးစီးသည်။

**လောကမာရဇိန်(ကုသိုလ်တော်) ဘုရား**

မန္တလေးတောင်ခြေရှိ လောကမာရဇိန်(ကုသိုလ်တော်) ဘုရားဝင်းအတွင်း၌ စကျင်ကျောက်ဖြူ ၇၂၉ ချပ်ပေါ်တွင် အက္ခရာရေးထွင်း၍ သင်္ဂါယနာတင်ကြရာ ခုနစ်နှစ်၊ ခြောက်လ၊ ၁၄ ရက် ကြာခဲ့သည်။ ကျောက်ထက်အက္ခရာတင်ခြင်းအပြီး သုံးနှစ်လွန်သောအခါတွင်မှ ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့သည့်အတိုင်း သစ်ဆိမ့်တိုက်က ဝိနည်းပိဋကတ်တော်ကို လည်းကောင်း၊ စလင်းတိုက်က သုတ္တန်ပိဋကတ်တော်ကို လည်းကောင်း၊ စံကျောင်းတိုက်က အဘိဓမ္မာပိဋကတ်တော်ကိုလည်းကောင်း အသီးသီးတာဝန်ယူကာ ရွှေနန်းတော်ကြီးအတွင်း ဖြဲတိုက်တော် ရာဇပလ္လင်ပေါ်၌ တစ်လှည့်စီ ပြန်ဆိုတော်မူကြသည်။ သင်္ဂါယနာတင်စဉ်က မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော် တိပိဋကဓရမဟာဓမ္မဥရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇာဂရာဘိဝံသမထေရ် အမှူးပြုသော (တစ်ခြားနိုင်ငံသံဃာတော်များပါဝင်ခြင်းမရှိ) မြန်မာနိုင်ငံမှသံဃာတော် အပါး ၂၄၀၀ တို့က သင်္ဂါယနာတင်ခဲ့ကြခြင်းဖြစ်သည်။

**ခင်မမင်းဝန် ခေါ် နန်းမတော်ဝန်**

မိုင်းခိုင်းမြို့စားဦးယမ်သည် ပဉ္စမသင်္ဂါယနာတင်ရာတွင် ကြီးမှူးကြပ်မတ်နေရသည့်အတွင်း ခင်မမင်းဝန်အရာ ခန့်ထားခြင်း ခံရခြင်းဖြစ်သည်။ ဤသို့ ပိဋကတ်တော်များနှင့် ရင်းနှီးကျွမ်းဝင်နေသည့် မိုင်းခိုင်းမြို့စား ဦးယမ်အနေဖြင့် ပိဋကသုံးပုံစာတမ်းခေါ် ပိဋကတ်တော်သမိုင်းကျမ်းအပါအဝင် ကျမ်း ၃၃ ကျမ်းကို ပြုစုထားရှိခဲ့သော်လည်း ၂၈ ကျမ်း တွေ့ရှိရသည်။ အဆိုပါကျမ်းများတွင် ကမ္မဘေဒဝိဘာနီ၊ ဆန္ဒဝုတိပါသတ္တာဝိသဇ္ဇနာ၊ ဒွါဒသရာသီဒီပနီ၊ ရာဇေသဝကဒီပနီ၊ လောကီလောကုတ္တရာကျမ်းလာစစ်ဆင်နည်း၊ ရှင်ဥက္ကံသမာလာကျောက်စာ၊ မဓုရသဟိနီသန္ဓေသကထာပါဠ်အနက်၊ သေနာပတိဝိနိစ္ဆယ၊ ဓမ္မပဏ္ဏာကာရကထာမေတ္တာစာ၊ မိဝိုင်းနှင့် ရှင်ဝိလာသဖြတ်စာ အတိဝိစိတြသန္ဓေကထာအနက်၊ သုသန္ဓေကထာအနက်၊ မေတ္တောဒကသေခနေဒီပနီနှင့် မုခမင်္ဂလာမဟာမေတ္တာစာကြီး၊ သုဂန္ဓကထာမေတ္တာစာ၊ မဟာရဋ္ဌသာရုပ္ပတိကထာကျမ်း၊ အတိသုခုမတ္တ သန္ဓေသကထာမေတ္တာစာ၊ ဝိသုဒ္ဓိမဂ်ဋီကာနိသျ၊ မဟာဝင်စာကိုယ်နိသျ၊ အနာဂတဝင်ပါဠိတော်နိသျ၊ သဒ္ဒါရှစ်စောင်နိသျသစ်၊ ဒုတိယမဟာရာဇဝင်တော်၊ ဓမ္မပဒပါဠိတော်နိသျသစ်၊ ပိဋကတ်တော်သမိုင်း၊ ဒါဌာဓာတုဝင်စာကိုယ်နိသျ၊ သင်္ဂြိုဟ်နိသျသစ်၊ ဓမ္မသံဟိတဒီပနီနှင့် ရာဇဝင်ချုပ်တို့ ပါဝင်သည်။

**ပိဋကသုံးပုံစာတမ်း ခေါ် ပိဋကတ်တော်သမိုင်း**

ပိဋကသုံးပုံစာတမ်းခေါ် ပိဋကတ်တော်သမိုင်းကျမ်းတွင်ပါဝင်သည့် မှီငြမ်းပြုရသော ဆရာတော်နှင့် လူပုဂ္ဂိုလ် ၃၃၃ ဦးဖြစ်ပြီး ပိဋကသုံးပုံပါဠိတော် အချုပ်အနေဖြင့် ဒီဃနိကာယ် သုံးကျမ်း၊ မဇ္ဈိမနိကာယ် သုံးကျမ်း၊ သံယုတ္တနိကာယ် ငါးကျမ်း၊ အင်္ဂုတ္တရနိကာယ် ၁၁ ကျမ်း၊ ခုဒ္ဒကနိကာယ် ၁၉ ကျမ်း၊ ဝိနည်း ငါးကျမ်း၊ ဒွေမာတိကာပါဠိတော် နှစ်ကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းဖြစ်၍ စုစုပေါင်း ၅၅ ကျမ်းဖြစ်ကြောင်း၊ တစ်ဖန် အဘိဓမ္မာ ငါးကျမ်း၊ ယမိုက် ၁၀ ကျမ်း၊ ပဋ္ဌာန်း ၂၄ ကျမ်းဖြင့် စုစုပေါင်း ၃၉ ကျမ်း နှစ်ရပ်ပေါင်းသော် ၉၄ ကျမ်းရှိကြောင်း၊ အဋ္ဌကထာမှာ ၈၅ ကျမ်းရှိကြောင်း၊ ဋီကာမှာ ၇၃ ကျမ်း၊ လက်သန်းအဋ္ဌကထာနှင့် ဋီကာ ၆၄ ကျမ်း၊ ဂန္ထန္တရကျမ်း ၁၃၉ ကျမ်း၊ ပါဠိတော်နိဿယကျမ်း ၄၉ ကျမ်း၊ နိကာယ်ငါးကျမ်းမှ အဋ္ဌကထာနိဿယကျမ်း ၉၉ ကျမ်း၊ ဋီကာနိဿယကျမ်း ၈၁ ကျမ်း၊ လက်သန်းအဋ္ဌကထာဋီကာကျမ်း ၉၈ ကျမ်း တို့ရှိကြောင်း၊ စကားပြေကျမ်း ၅၉၀၊ ဆေးကျမ်း ၃၆၉ ကျမ်း၊ ဗေဒင်ကျမ်း ၅၃ ကျမ်း၊ ဓမ္မသတ်ကျမ်း စာရင်းရှိ ၁၀၂ ကျမ်း၊ ပျို့ကဗျာလင်္ကာ ၁၅၈ ပုဒ်၊ မော်ကွန်း ၆၈ ပုဒ်၊ ချောင်း ၄၈ ပုဒ်၊ အဲချင်း လေးပုဒ်၊ အန်ချင်း တစ်ပုဒ်၊ လူးတား ၁၀ ပုဒ်၊ ရတု ၁၁ ပုဒ်၊ ရကန် ငါးပုဒ် စုစုပေါင်း ၃၀၅ ပုဒ်၊ ရာဇဝင်ကျမ်း ၄၀၊ အတ္ထုပ္ပတ္တိကျမ်း ၁၀ ကျမ်းတို့လည်း ဖော်ပြထားရှိကြောင်း တွေ့ရှိရသည်။

**အဋ္ဌမဌာန စစ်ကိုင်းခရိုင်ဝန်**

၁၂၄၆ ခုနှစ် စစ်ကိုင်းခရိုင်ဝန်အဖြစ် ထမ်းရွက်နေရစဉ် မြို့ရွာများမှ ဆက်သွင်းရန်ရှိသော သဿမေဓ အခွန်တော် ငွေတစ်သိန်းကို ဒီပဲယင်းမြို့ စီရင်စုရေဦးကုန်းဘက်ရွာသို့ ကိုယ်တော်တိုင်သွားရောက်ပြီး ကောက်ခံထိန်းသိမ်းရသည်။ အခွန်တော်ငွေလျှော့ပေါ့ခန့်ခွဲရန်အတွက် ဘုရင်မင်းမြတ်ထံ လျှောက်ထားအသနားခံလွှာ တင်သွင်းရာ လျှော့ပေါ့ပေး၍ လယ်သမားများ ဝမ်းမြောက်ရွှင်လန်းကြရသည်။ မိုင်းခိုင်းမြို့စားသည် ဗဟုသုတကို လွန်စွာလိုလားသဖြင့် ရောက်ရာအရပ်တွင် သမိုင်းဝင်ပစ္စည်းနှင့် အဆောက်အအုံများ၊ ဘုရားပုထိုးစေတီများသို့ သွားရောက်လေ့လာလေ့ရှိသည်။ စစ်ကိုင်းခရိုင်ဝန်အရာဖြင့် နယ်လှည့်ခရီးထွက်စဉ်က အလုံမြို့နယ် ညောင်ကန်ရွာတွင် ဆရာတော်ဦးပို၊ ဆရာတော်ဦးဗုဓ်တို့ သီတင်းသုံးတော်မူခဲ့သော ကျောင်း၊ မောင်းထောင်ရွာသို့ ရောက်သောအခါ မောင်းထောင်သာသနာပိုင်ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့်ကျောင်း၊ မုံရွေးကြေးမုံရွာသို့ ရောက်သောအခါ မုံရွေးဆရာတော် သီတင်းသုံးသည့် ကျောင်းများသို့သွားရောက်၍ ရှိခိုးပူဇော်သည်။

**ပိဋကတ်စာပေ**

မိုင်းခိုင်းမြို့စား ဦးယမ်သည် ပိဋကတ်စာပေတို့၌လည်းကောင်း၊ နာနာနယဗဟုသုတအရာတို့၌လည်းကောင်း လေ့လာလိုက်စားရန် အထုံဝါသနာပါသောကြောင့် ဆရာတော် သံဃာတော်များနှင့် ပိဋကတ်စာပေတို့တွင် မပြတ်နှီးနှောဆွေးနွေးလေ့ရှိသည်။ ပုဒ်ပါဌ်အက္ခရာ အထားအနေမကျမန တိမ်းပါးချွတ်ယွင်းသော ကျမ်းဂန်စာစောင်များတွေ့ရှိပါက လျင်မြန်ခဏ ကညစ်ဆွဲလျက် ထိုးဖောက်ပြင်ဆင်လေ့ရှိသည်။ ထို့ပြင် လောကီလောကုတ္တရာ စာပေကျမ်းဂန်တို့၌ ကောင်းစွာလေ့လာဆွေးနွေး ဆည်းပူးလိုသောဆန္ဒအရ မဟာဝင်၊ ရာဇဝင်၊ မင်းစဉ်မင်းမြေးရှေးဖြစ်ရှေးဟောင်းအကြောင်းတို့ကို ကောင်းမွန်သေချာစွာ သိရှိနားလည်သောရဟန်းပညာရှိ၊ပုဏ္ဏားပညာရှိတို့နှင့် မပြတ်တိုင်ပင်ဆွေးနွေးနှီးနှောလေ့ရှိပေသည်။ ပါဠိအက္ခရာခက်ခဲနက်နဲ သိမှတ်ဖွယ်ရာ မဟာဝင်၊ ရာဇဝင် ဗေဒင်ဆေးကျမ်း စသည့်လောကီလောကုတ္တရာနှင့်ဆိုင်သော ဗဟုသုတတို့ကိုသာ သေချာစွာ မေးမြန်းမှတ်သားလေ့ရှိသည်။

**သမိုင်းတန်ဖိုး**

ရှေးမြန်မာတို့ စာပေအနုပညာကို စေ့စပ်သေချာစွာ လေ့လာဖော်ထုတ် မှတ်တမ်းတင်ရေးသားပြုမှုများသည် နောင်းလူများအတွက် အဖိုးမဖြတ်နိုင်သည့် တန်ဖိုးမြင့်မားလှသော စာပေအနုပညာယဉ်ကျေးမှုလက္ခဏာများပင်ဖြစ်ပြီး အမျိုးဘာသာသာသနာများကို စောင့်ရှောက်ကာကွယ်မှုများလည်း ထင်ရှားစွာ တွေ့မြင်နေရသည်မှာ ဂုဏ်ယူစရာပင်ဖြစ်ရပေသည်။ အဆိုပါ လောကမာရဇိန် (ကုသိုလ်တော်) ဘုရားရှိ စကျင်ကျောက်ပြား ၇၂၉ ချပ်တွင် ဝိနည်း ငါးကျမ်းပါဠိတော်က ချပ်ရေ ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်းက ချပ်ရေ ၂၀၈ ချပ်၊ နိကာယ် ငါးကျမ်းနှင့် သုတ်သုံးကျမ်းက ချပ်ရေ ၄၁၀ ဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇွန် ၁၈ရက်တွင် ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီးဖြစ်ပေသည်။ ဦးယမ်ပြုစုခဲ့သော ပိဋကသုံးပုံစာတမ်း ခေါ် ပိဋကတ်သမိုင်းသည်လည်း ပါဠိတော်အဋ္ဌကထာ ဋီကာမှစ၍ ပျို့၊ ကဗျာ၊ လင်္ကာ၊ ကျမ်းများအပါအဝင် ကျမ်းပေါင်း ၂၀၄၀ ကျော်ကို ပြဆိုထားသည်မှာလည်း စာပေလေ့လာသူများ အလေးထားကိုးကားရမည့် ကျမ်းဖြစ်သည်ကို အထင်အရှား တွေ့မြင်နေရပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယျသူ၏ ပိဋကသုံးပုံစာတမ်းခေါ် ပိဋကတ်တော်သမိုင်း

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၁၁၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၁၁၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ကြံ ၄၅၅၁ ကေစိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၁၁၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်အတွင်း ကြံ ၄၅၅၁ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၁၁၁ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒေသခံတောင်သူတွေက ကြံကိုပုံမှန်စိုက်ပျိုးကြပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြံစိုက်ပျိုးမှုအနေဖြင့် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့်ကန့်ဘလူခရိုင်၌ ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ကြံစိုက်ပျိုးရာ၌ ကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြား ကုန်ကျပြီး ကြံတစ်ကေလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့်K-95/84၊နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် ကြံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**သန်လျင် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကရင်ဆိပ်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်နှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁ ဒသမ ၅၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကရင်ဆိပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၅ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

## ကလောင်ကိုထမ်း ကဗျာလမ်း

- ဝါသနာထုံ နှစ်သက်ခုံလို့
စာစုံလေ့လာ မှတ်သားနာ၍
ရေးရာစာထောင် ဖွဲ့စည်းဘောင်တွင်
ကလောင်ကိုထမ်း ကဗျာလမ်းဝယ်
ကမ်းလင့်ဖို့ရည် ကဗျာသီ။

- အနုအလှ ထွေသုတနှင့်
ရသဖုံဖုံ ပြည့်ကုံလုံဖို့
စွယ်စုံကဗျာ ရေးစပ်လာသည်
သံသာသာဆောင် ဆိုကောင်းအောင်လို့
ကလောင်ကိုထမ်း ကဗျာလမ်းဝယ်
စွမ်းစွမ်းတမံ ဖွဲစိတ်သန်။

- မှတ်သားဆုဆု တုပြုယူလို့
ဖတ်သူစိတ်ထဲ နှစ်ခြိုက်စွဲအောင်
စဉ်မြဲရည်သန် ရေးစပ်မှန်နှင့်
ကာရန်တန်ဆောင် စာပေချောင်မှာ
ကလောင်ကိုထမ်း ကဗျာလမ်းဝယ်
ကြိုးပမ်းအားထုတ် အပတ်တကုတ်။ ။

ဆောင်းနေရောင်(အဖျောက်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ထိုင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်သွင်းကုန်များကို ပိတ်ပင်မည်ဟု ကမ္ဘောဒီးယားသတိပေး

**ဖနွမ်းပင် ဇွန် ၁၆**

ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်အဝင်အထွက်ကန့်သတ်ချက်များကို ပြန်လည်ရုပ်သိမ်းခြင်းမရှိခဲ့ပါက ထိုင်းသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်သွင်းကုန်များကို ပိတ်ပင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်က ယနေ့တွင် သတိပေးလိုက်သည်။

ပြီးခဲ့သည့်လအတွင်းပေါ်ပေါက်ခဲ့သည့် နယ်စပ်ပြဿနာတစ်ရပ်ကြောင့် ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား ဆက်ဆံရေးတင်းမာနေစဉ် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

မေ ၂၈ ရက်က နှစ်နိုင်ငံနယ်စပ်ပိုင်ဆိုင်ခွင့်အငြင်းပွားဒေသတစ်ခု၌ ထိုင်းနှင့်ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များကြား ၁၀ မိနစ်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရသည်။

ထိုင်းအစိုးရအနေဖြင့် နယ်စပ်ဝင်ပေါက်ကန့်သတ်ချက်များကို ၂၄ နာရီအတွင်း ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက ကမ္ဘောဒီးယားနိုင်ငံကလည်း ထိုင်းသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် ပို့ကုန်များကို ပြန်လည်ပိတ်ပင်မည်ဖြစ်ကြောင်း ဟွန်ဆန်က ယနေ့ရုပ်သံမိန့်ခွန်း၌ ပြောကြားထားသည်။

လက်ရှိကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်၏ ဖခင်ဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း ဟွန်ဆန်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ကမ္ဘောဒီးယားနိုင်ငံ၌ ဩဇာကြီးမားနေဆဲဖြစ်သည်။

ကမ္ဘောဒီးယား နိုင်ငံသည် နယ်စပ်ပြဿနာကိုအကြောင်းပြု၍ ထိုင်းရုပ်သံဇာတ်လမ်းတွဲများ ပြသခွင့်ကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်နီမစ်ဇ် လေယာဉ်တင်သင်္ဘော အရှေ့အလယ်ပိုင်းသို့ထွက်ခွာ

**နယူးယောက် ဇွန် ၁၆**

အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်နီမစ်ဇ် လေယာဉ်တင်သင်္ဘောသည် ယနေ့တွင် တောင်တရုတ်ပင်လယ်ဒေသမှ အရှေ့အလယ်ပိုင်းဒေသဘက်သို့ ထွက်ခွာသွားပြီဖြစ်သည်။

ပင်လယ်ရေကြောင်းသွားလာမှုစောင့်ကြည့်ရေးဝက်ဘ်ဆိုက်များ၏အဆိုအရ ယူအက်စ်အက်စ်နီမစ်ဇ်လေယာဉ်တင်သင်္ဘောသည် တောင်တရုတ် ပင်လယ်ဒေသမှ တစ်ဆင့် အရှေ့အလယ်ပိုင်းဒေသတည်ရှိရာ အနောက်ဘက်သို့ ဦးတည်မောင်းနှင်နေသည်။

ယူအက်စ်အက်စ်နီမစ်ဇ်လေယာဉ်တင်သင်္ဘောသည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဒါနန်းဆိပ်ကမ်း၌ ဆိုက်ကပ်မည့်အစီအစဉ်ကို ဖျက်သိမ်း၍အရှေ့အလယ်ပိုင်းဒေသသို့ ထွက်ခွာသွားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အစ္စရေးနှင့် အီရန်နိုင်ငံတို့ကြားဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများကြောင့် အရှေ့အလယ်ပိုင်းဒေသ၌အခြေအနေများ တင်းမာလျက်ရှိသည်။

ယူအက်စ်အက်စ်နီမစ်ဇ်လေယာဉ်တင်သင်္ဘောအနေဖြင့် အရေးပေါ်စစ်ဆင်ရေး လိုအပ်ချက်တစ်ရပ်ကြောင့် တောင်တရုတ်ပင်လယ်မှ အရှေ့အလယ်ပိုင်း ဒေသသို့ ထွက်ခွာသွားခြင်း ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ယူအက်စ်အက်စ်နီမစ်ဇ်ဦးဆောင်သော အမေရိကန်ရေတပ်အုပ်စုသည် ပြီးခဲ့သည့်ရက်သတ္တပတ်က တောင်တရုတ် ပင်လယ်ဒေသ၌ ပင်လယ်ရေကြောင်း လုံခြုံရေး လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီရန်နှင့် အစ္စရေးပဋိပက္ခကြောင့် ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများမြင့်တက်လာ



**စင်ကာပူ ဇွန် ၁၆**

အစ္စရေးနှင့် အီရန်တို့ကြား လက်ရှိဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများကြောင့် ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် အီရန်တို့ကြား ဇွန် ၁၅ ရက်တွင် တတိယမြောက်နေ့အဖြစ် အပြန်အလှန်တိုက်ခိုက်ခဲ့ကြပြီးနောက် ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ စံမှတ်ရေနံဈေးနှုန်းများမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀ ဒေါ်လာ တစ်နည်းအားဖြင့် ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာပြီး ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၉၃ ဒေါ်လာထိ ရောက်ရှိခဲ့သည်။

အစ္စရေးနှင့်အီရန်ကြား ပဋိပက္ခများ ကျယ်ပြန့်လာခဲ့ပါက အရှေ့အလယ်ပိုင်းဒေသမှ ရေနံပို့ကုန်လုပ်ငန်းများ ထိခိုက်မည့်အရေးစိုးရိမ်နေကြချိန်တွင် ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့နည်းတူ ပဋိပက္ခများကြောင့် ဟော်မုဇ်ရေလက်ကြားတစ်လျှောက် ရေနံသယ်ပို့ရေးလုပ်ငန်းများထိခိုက်မည့်အရေးကိုလည်း ကမ္ဘာ့နိုင်ငံများက စိုးရိမ်လျက်ရှိသည်။

ဟော်မုဇ်ရေလက်ကြားသည် ကမ္ဘာ့နေ့စဉ် ရေနံထုတ်လုပ်မှုပမာဏ၏ငါးပုံတစ်ပုံခန့် တစ်နည်းအားဖြင့် ရေနံစည်ပေါင်း ၁၈ သန်းနှင့် ၁၉ သန်းကြား နေ့စဉ်ဖြတ်သန်းနေသော ရေလမ်းကြောင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကမ္ဘာ့နိုင်ငံများပိုင်ဆိုင်သည့် နျူကလီးယားထိပ်ဖူး အရေအတွက် ယခုနှစ်တွင် ၁၂၂၄၁ ခု ထိရှိလာ

**စတော့ဟုမ်း ဇွန် ၁၆**

ကမ္ဘာပေါ်ရှိ နျူကလီးယားလက်နက်အင်အားရှင် နိုင်ငံများသည် ၎င်းတို့၏နျူကလီးယားလက်နက်အရေအတွက်ကို တိုးမြှင့်လျက်ရှိပြီး လက်နက်ထိန်းချုပ်ရေးသဘောတူညီချက် များမှလည်း နုတ်ထွက်နေကြကြောင်း စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျူက ယနေ့တွင်ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလအရောက်တွင် ကမ္ဘာ့နိုင်ငံများ ပိုင်ဆိုင်ထားသည့် နျူကလီးယားလက်နက်အရေအတွက်မှာ ၁၂၂၄၁ ခုထိရှိခဲ့ပြီး လိုအပ်ပါက သုံးစွဲရေးအတွက် သတ်မှတ်ထားရှိသည့် နျူကလီးယားထိပ်ဖူးအရေအတွက်မှာ ၉၆၁၄ ခုထိရှိသည်။

စစ်ရေးအရအသုံးပြုရေးအတွက် ဖြန့်ကြက်ထားသော ထိပ်ဖူးများအနက် ၂၁၀၀ တို့မှာ ဘလစ်စတစ်ဒုံးကျည်များတွင် အသင့်အနေအထားတပ်ဆင်ထားသည့်ထိပ်ဖူးများဖြစ်ကြကြောင်း စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျူ (ဆစ်ပရီ)၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါ အသင့်တပ်ဆင်ထားပြီး နျူကလီးယားထိပ်ဖူး ၂၁၀၀ ခန့်အနက် အားလုံးနီးပါးကို ရုရှားနှင့် အမေရိကန်နိုင်ငံတို့က ပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်း သိရသည်။

နျူကလီးယားလက်နက်အရေအတွက်တိုးနှုန်း အမြင့်မားဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်မှစ၍ နှစ်စဉ်နျူကလီးယားထိပ်ဖူး ၁၀၀ ခန့်ထိ တိုးမြှင့်ထုတ်လုပ်ခဲ့ကြောင်း ဆစ်ပရီအစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံက နျူကလီးယားထိပ်ဖူး ၅၄၅၉ ခု၊ အမေရိကန်နိုင်ငံက ၅၁၇၇ ခုနှင့် တရုတ်နိုင်ငံက ၆၀၀ ခန့်ပိုင်ဆိုင်ထားကြောင်း ဆစ်ပရီက ခန့်မှန်းထားသည်။

Ref : RT

Trs : KKO

# အိန္ဒိယ၌ မြစ်ကူးတံတားပြိုကျမှုဖြစ်ပွား လူနှစ်ဦးသေဆုံး၍ ၃၂ ဦးဒဏ်ရာရရှိ

**ဒေလီ ဇွန် ၁၆**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်တြပြည်နယ် ပူနေးမြို့၌ ဇွန် ၁၅ ရက်က မြစ်ကူးတံတားတစ်စင်းပြိုကျခဲ့ရာ အနည်းဆုံး လူနှစ်ဦး သေဆုံးခဲ့ရကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြိုကျခဲ့သည့်တံတားမှာ အင်ဒရာယာနီအမည်ရှိမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် မြစ်ကူးတံတားဖြစ်သည်။



တံတားပြိုကျစဉ်အတွင်း လူအချို့မြစ်ထဲပြုတ်ကျခဲ့ရာ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း မဟာရက်ရှ်တြပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တံတားပြိုကျချိန်တွင် လူပေါင်း ၃၂ ဦး ဒဏ်ရာများရခဲ့ပြီး ခြောက်ဦးကို မြစ်ထဲမှကယ်ဆယ်နိုင်ခဲ့သည်။

တံတားပြိုကျမှုအတွင်း ဒဏ်ရာရသူများအနက် ခြောက်ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အအုံများ၌ ရှေးယခင်ကပင် ဘေးကင်းလုံခြုံမှုပြဿနာများရှိခဲ့ရာ အဝေးပြေးလမ်းနှင့် တံတားများပေါ်၌ မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက တုန်ခါလှိုင်းနှင့် လျှပ်စစ်သံလိုက်လှိုင်း ထောက်လှမ်းရေးဂြိုဟ်တု(CSES-2)ကို အောင်မြင်စွာ လွှတ်တင်ခဲ့



**ပေကျင်း ဇွန် ၁၆**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တုန်ခါလှိုင်းနှင့် လျှပ်စစ်သံလိုက်လှိုင်း ထောက်လှမ်းရေးဂြိုဟ်တု (CSES-2) ကို ဇွန် ၁၄ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဇွန် ၁၅ ရက် သတင်းများအရ သိရသည်။

CSES-2 ဂြိုဟ်တုသည် တရုတ်အမျိုးသား အာကာသအေဂျင်စီနှင့် အီတလီ အာကာသအေဂျင်စီတို့ ပူးပေါင်းတည်ဆောက်သည့် ဒုတိယမြောက် ဂြိုဟ်တုဖြစ်ပြီး မြေငလျင်ကဲ့သို့ သဘာဝကပ်ဘေးကြီးများ မဖြစ်ပွားမီ ပေါ်ထွက်လာတတ်သည့် လျှပ်စစ် သံလိုက်လှိုင်းများနှင့် တုန်ခါလှိုင်းများကို ထောက်လှမ်းပေးမည့် ဂြိုဟ်တုဖြစ်သည်။

CSES-2 ဂြိုဟ်တုကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်းအာကာသစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် CSES-2 ဂြိုဟ်တု သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

CSES-2 ဂြိုဟ်တုသည် တရုတ်နှင့် အီတလီသိပ္ပံပညာရှင်များ ပူးတွဲတည်ဆောက်ထားသည့် စူးစမ်းလေ့လာရေးစနစ်ကိုးမျိုးနှင့် ဩစတြီးယားအာကာသအေဂျင်စီ၏ စူးစမ်းလေ့လာရေးစနစ်တစ်မျိုးတို့ကို သယ်ယူသွားကြောင်း၊ မစ်ရှင်သက်တမ်းခြောက်နှစ်တာကာလအတွင်း ကမ္ဘာမြေအထက် အမြင့် ၅၀၇ ကီလိုမီတာအကွာတွင်ရှိသော ပတ်လမ်းပေါ်တွင် နေရာယူ၍ စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## PUNCH ဂြိုဟ်တုကွန်ရက်က နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှု ဖြစ်စဉ်များကို ပထမဆုံးဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဇွန် ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) PUNCH ဂြိုဟ်တုကွန်ရက်သည် နေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှု ဖြစ်စဉ်များကို ပထမဆုံးဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့ကြောင်း ဇွန် ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါနေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုဓာတ်ပုံများကို PUNCH မစ်ရှင် အာကာသယာဉ်လေးစင်းအနက် သုံးစင်းတို့က ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါနေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုဓာတ်ပုံများကို ယခုနှစ်မေလကုန်နှင့် ဇွန်လအစောပိုင်းကာလတို့ကြား ရိုက်ကူးထားခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် PUNCH မစ်ရှင်ကို ယခုနှစ် မတ် ၁၂ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မစ်ရှင်သက်တမ်း နှစ်နှစ်အတွင်း PUNCH ဂြိုဟ်တုကွန်ရက်သည် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများကို စောင့်ကြည့်လေ့လာ၍ အာကာသရာသီဥတုကို ခန့်မှန်းရာတွင်အထောက်အကူပြုမည်ဖြစ်သည်။

နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများသည် ကမ္ဘာမြေဘက် မျက်နှာမူဖြစ်ပွားခဲ့ပါက ဘူမိသံလိုက်စက်ကွင်း မုန်တိုင်းများ ပေါ်ထွက်လာနိုင်ပြီး ဂြိုဟ်တုများနှင့်ဂျီပီအက်စ်စနစ်များကိုအနှောင့်အယှက်ပေးနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## CAS Space အာကာသနည်းပညာကုမ္ပဏီက Kinetica-2 ဒုံးပျံသစ်၏ ပထမအဆင့်ဒုံးယာဉ် ဒုံးအင်ဂျင်များကို အောင်မြင်စွာစမ်းသပ်

**ပေကျင်း ဇွန် ၁၆**

တရုတ်နိုင်ငံအခြေစိုက် CAS Space အာကာသနည်းပညာကုမ္ပဏီသည် Kinetica-2 ဒုံးပျံသစ်၏ ပထမအဆင့်ဒုံးယာဉ် ဒုံးအင်ဂျင်များကို အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း ဇွန် ၁၅ ရက်သတင်းများအရ သိရသည်။

CAS Space ကုမ္ပဏီသည် Kinetica-2 ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ် ဒုံးအင်ဂျင်များကိုစမ်းသပ်ခဲ့ခြင်းဖြစ်သည်။

CAS Space ကုမ္ပဏီသည် ယခုနှစ်ကုန်ပိုင်းတွင် Kinetica-2 ဒုံးပျံဖြင့် ရှန်ကျိုး-၁ အမည်ရှိ ရှေ့ပြေးပုံစံ အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Kinetica-2 ဒုံးပျံအလေးချိန် ကီလိုဂရမ် ၁၂,၀၀၀ ရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း ပို့ဆောင်ပေးနိုင်ပြီး အလေးချိန် ကီလိုဂရမ် ၇,၈၀၀ ရှိသည့် ဂြိုဟ်တုနှင့်အာကာသယာဉ်များကို ကမ္ဘာမြေပြင် အထက်အမြင့် ကီလိုမီတာ ၅၀၀ တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ပေးနိုင်ကြောင်း သိရသည်။

CAS Space ကုမ္ပဏီသည် Kinetica-2 ဒုံးပျံ၏ ပထမဆုံးမစ်ရှင် လွှတ်တင်မည့် အချိန်အတိအကျကို ကြေညာခြင်းမရှိသေးပေ။

CAS Space ကုမ္ပဏီသည် လက်ရှိအချိန်တွင် Kinetica-1 ဒုံးပျံကိုအသုံးပြု၍ အာကာသမစ်ရှင်များ လွှတ်တင်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဆန်နှင့်ကော်ဖီတွင်ပါဝင်သော ဓာတုဒြပ်ပေါင်းတစ်မျိုးက နှလုံးရှုတ်တရက်ဖောက်မှုကို ကာကွယ်ပေးနိုင်

**တိုကျို ဇွန် ၁၆**

ဆန်နှင့်ကော်ဖီတွင် ပါဝင်သော ဓာတုဒြပ်ပေါင်းတစ်မျိုးသည် နှလုံးရုတ်တရက် ဖောက်နိုင်မှုကို ကာကွယ်ပေးနိုင်ဖွယ် ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၁၅ ရက်သတင်းများအရ သိရသည်။

နှလုံးသွေးကြောများ ရုတ်တရက်ကျဉ်းမြောင်းမှု (Coronary Artery Spasms) ကြောင့် နှလုံးအောင့်ခြင်း၊ နှလုံးရုတ်တရက် ဖောက်ခြင်းနှင့် အခြားနှလုံးသွေးကြောဆိုင်ရာ ပြဿနာများ ပေါ်ထွက် လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ဆန်နှင့်ကော်ဖီတို့တွင် တွေ့ရှိရသည့် Ferulic Acid ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးမှာ နှလုံးသွေးကြောများ ရုတ်တရက် ကျဉ်းမြောင်းမှုပြဿနာပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဂျပန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဓာတ်ခွဲခန်း စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Ferulic Acid သည် နှလုံးသွေးကြောများကျဉ်းမြောင်းမှုကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း ဂျပန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Ferulic Acid ၏ အထက်ပါ ဂုဏ်သတ္တိသည် နှလုံးသွေးကြောများကို ဖြေလျှော့ပေးတတ်သည့် ဆေးတစ်မျိုးဖြစ်သော Diltiazem ထက်ပင် ပို၍ထိရောက်နိုင်ကြောင်း ဂျပန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Diet Soda အချိုရည်ပုံမှန်သောက်သူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မား

**နယူးယောက် ဇွန် ၁၆**

Diet Soda ခေါ် အချိုရည်ပုံမှန် သောက်သုံးသူများသည် ပုံမှန်သောက်သုံးခြင်းမရှိသူများနှင့် နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေပိုမြင့်မားကြောင်း ဇွန် ၁၅ ရက် သတင်းများအရ သိရသည်။

သကြားဓာတ်ပါဝင်မှုမြင့်မားသော ဆိုဒါရည်များနှင့် သစ်သီးဖျော်ရည်များ ပုံမှန်သောက်သုံးမှုမှာ ပုံစံ-၂ ဆီးချိုရောဂါနှင့်ဆက်စပ်နေကြောင်း ယခင်ကပင် သိရှိထားကြပြီးဖြစ်သည်။

သို့ရာတွင် Diet Soda ရည်များတွင်ပါဝင်သော ဓာတုသကြားဓာတ်များကြောင့်လည်း ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း မင်နီဆိုတာတက္ကသိုလ်မှ အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Diet Soda ရည်များတွင်ပါဝင်သော Saccharin ခေါ် ဓာတုသကြားဓာတ်ကြောင့် လူ့ကိုယ်ခန္ဓာ၏ အင်ဆူလင်ဟော်မုန်းတုံ့ပြန်မှုပုံစံ ဖောက်ပြန်သွားတတ်ပြီး ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း သိရသည်။

ပုံမှန်သကြားဓာတ် အဆ ၃၀၀ ပို၍ အချိုဓာတ်မြင့်မားသော Saccharin ဓာတုသကြားကယ်လိုရီသုည သကြားအစားထိုးပစ္စည်းအဖြစ် ၁၉၇၇ ခုနှစ်ကပင် စတင်သုံးစွဲခဲ့ကြသည်။

အမေရိကန်သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၄၆၀၀ ကျော်ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးအများဆုံးဖြင့် နိုင်ပွဲရသည့် အသင်းအဖြစ် ဘိုင်ယန်မြူးနစ်အသင်း မှတ်တမ်းဝင်



**မြူးနစ် ဇွန် ၁၆**

ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် နယူးဇီလန်ကလပ် အော့ကလန်အသင်းတို့ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက ၁၀ ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သဖြင့် ပြိုင်ပွဲသမိုင်းတွင် ဂိုးအများဆုံးဖြင့် နိုင်ပွဲရခဲ့သည့် ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲသမိုင်းတွင် ၂၀၂၂ ခုနှစ်က ဆော်ဒီပရီလိဂ်ကလပ် အယ်ဟိုင်လာအသင်းက ယူအေအီးကလပ် အယ်ဂျာစီယာ အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည့်ပွဲစဉ်တွင် ဂိုးအများဆုံး နိုင်ပွဲရသည့် ပွဲစဉ်အဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုနှစ်ပြိုင်ပွဲတွင် အဖွင့်ပွဲစဉ်၌ ဘိုင်ယန်မြူးနစ်အသင်းက ပြိုင်ဘက်အသင်းကို ၁၀ ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အယ်ဟိုင်လာအသင်း၏ စံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သဖြင့် ပွဲစကတည်းက ပြိုင်ဘက်ကို ဖိအားပေး ကစားနိုင်ခဲ့ရာ ပွဲချိန်ခြောက်မိနစ်နှင့် ၂၁ မိနစ်တွင် ကိုးမန်း၊ ပွဲချိန် ၁၈ မိနစ်တွင် ဘိုရီ၊ ပွဲချိန် မိနစ် ၂၀ နှင့် ၄၅ မိနစ်ကျော်တွင် အိုလီစီ ၊ ပွဲချိန် ၄၅ မိနစ်နှင့် ၈၉ မိနစ်တွင် သောမတ်မူလာ၊ ပွဲကစားချိန် ၆၇ မိနစ်၊ ၇၃ မိနစ်၊ ၈၄ မိနစ်တို့တွင် တိုက်စစ်မှူး မူစီအာလာတို့က ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့သော်လည်း အော့ကလန်အသင်းအနေဖြင့် တစ်ပွဲလုံး ခံစစ်ဖြင့်သာ ကစားခဲ့ရပြီး ချေပဂိုး သွင်းယူနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# ပီအက်စ်ဂျီအသင်းက ဘုန်းမောက်ကစားသမား ဇာဘာညီကိုခေါ်ယူရန် သဘောတူညီမှုရရှိ

**ပဲရစ် ဇွန် ၁၆**

ပီအက်စ်ဂျီ အသင်းသည် ဘုန်းမောက်အသင်းတွင် ခြေစွမ်းပြသကစားနေသည့် အသက် ၂၂ နှစ်ရှိ ခံစစ်ကစားသမား ဇာဘာညီကိုခေါ်ယူရန် ကစားသမားနှင့် အကြိုသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ဘုန်းမောက် အသင်းသည် ခံစစ်ကစားသမား ဟူအီဆန်ကို ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောင်းချပြီးနောက် နည်းပြအီရာအိုလာက ခံစစ်ကစားသမား ဇာဘာညီကို ၎င်း၏ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းထားသဖြင့် ရောင်းချရန် အစီအစဉ်မရှိသော်လည်း ကစားသမားအနေဖြင့် ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းမှုကို သဘောတူညီမှု ရရှိခဲ့ပြီးနောက် ဘုန်းမောက်အသင်းက ပီအက်စ်ဂျီအသင်းနှင့် ပြောင်းရွှေ့ကြေး ညှိနှိုင်းမှုပြုလုပ်လျက်ရှိသည်။

ပီအက်စ်ဂျီအသင်း အနေဖြင့် ဘုန်းမောက်အသင်းနှင့် ပြောင်းရွှေ့ကြေး ညှိနှိုင်းမှုအဆင်ပြေပါက ဇာဘာညီကို လာမည့် ၂၀၃၀ ခုနှစ်ထိ စာချုပ်ချုပ်သွားမည်ဖြစ်သည်။

လူငယ်ခံစစ် ကစားသမား ဇာဘာညီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘုန်းမောက်အသင်း ခံစစ်ပိုင်းတွင် ပြိုင်ပွဲစုံ ၃၉ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး အသင်းခံစစ်ပိုင်းကို အကောင်းဆုံး ဦးဆောင်နိုင်သည့် ကစားသမားတစ်ဦးဖြစ်၍ နည်းပြ အီရာအိုလာက ရောင်းချရန် ဆန္ဒမရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပီအက်စ်ဂျီ အသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ဥရောပပြိုင်ဘက် အေတီကိုအသင်းကို လေးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သဖြင့် ချန်ပီယံခြေစွမ်းကို ဆက်လက် ပြသနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



# အတ္တလန်တာအသင်းဂိုးသမား ကာနက်စက်ချီကိုခေါ်ယူရန် မန်ယူအသင်း ကြိုးပမ်း

**မန်ချက်စတာ ဇွန် ၁၆**

မန်ယူအသင်းသည် အသင်း ဂိုးသမားအိုနာနာကို အထောက်အကူပြုပေးနိုင်မည့် ဂိုးသမား တစ်ဦး ရှာဖွေလျက်ရှိရာ အတ္တလန်တာအသင်းမှ ဂိုးသမား ကာနက်စက်ချီကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ယခင်က မန်ယူအသင်းအနေဖြင့် နွေရာသီအပြောင်းအရွှေ့ ကာလတွင် ဂိုးသမားအိုနာနာကို ရောင်းချ၍ သင့်လျော်သည့် ဂိုးသမားတစ်ဦး ထပ်မံခေါ်ယူရန် ပြင်ဆင်ခဲ့ကာ အေဗီလာအသင်း ဂိုးသမား မာတီနက်ဇ်ကိုခေါ်ယူရန် နီးစပ်ခဲ့သော်လည်း ညှိနှိုင်းမှု အဆင်မပြေခဲ့သည့်အပြင် ဂိုးသမား အိုနာနာအနေဖြင့် အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ထားသောကြောင့် အသင်းအနေဖြင့် အိုနာနာကို အထောက်အကူပေးနိုင်မည့် ဂိုးသမားတစ်ဦးသာ ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းသည် အတ္တလန်တာအသင်းမှ ဂိုးသမားကာနက်စက်ချီကိုခေါ်ယူရန်စီစဉ်ခဲ့ပြီး ကစားသမားအနေဖြင့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကတည်းက အသင်းတွင် ပထမဦးစားပေးဂိုးသမားအဖြစ် နေရာရခဲ့သည့်အပြင် ပြီးခဲ့သည့်ရာသီကလည်း အကောင်းဆုံးပုံစံများ ပြသနိုင်ခဲ့သည်။

ကာနက်စက်ချီသည် အတ္တလန်တာအသင်းနှင့် လာမည့် ၂၀၂၈ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းတာဝန်ရှိသူများက ကစားသမားအတွက် ယူရိုသန်း ၄၀ ပေးချေပါက ထွက်ခွာခွင့်ပြုရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

မန်ယူအသင်းသည် မကြာသေးမီက ဥရောပထိပ်သီးကလပ်ဂိုးသမားများဖြစ်သည့် နိုက်အသင်းမှ ဘူလ်ကာ၊ ရိုးမားအသင်းမှ ဆာဗီလာ၊ ဘာစီလိုနာအသင်းမှ တာစတီဂန်၊ လိုင်လီအသင်းမှ ချီဗာလီယာနှင့် အေဗီလာအသင်းဂိုးသမား မာတီနက်ဇ်တို့ကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အဆင်မပြေခဲ့သောကြောင့်ဂိုးသမားကာနက်စက်ချီကို ထပ်မံခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး အိုနာနာနှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ အေဗီလာအသင်းမှ အငှားစာချုပ်ကုန်ဆုံးချိန်တွင် အသင်းနှင့် ပူးပေါင်းမှုမရှိဘဲ စပိန်နိုင်ငံတွင် လေ့ကျင့်မှုပြုလုပ်နေသည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို စောင့်ဆိုင်းလျက်ရှိနေကြောင်း သိရသည်။
- ❑ ဒေါ့မွန်အသင်းမှ တောင်ပံတိုက်စစ်မှူး ဂစ်တန်းကို ခေါ်ယူနိုင်ခဲ့သည့် နည်းပြမာရက်စ်ကာက ဆန်ချို၏နေရာတွင် အစားထိုးနိုင်မည့် တောင်ပံတိုက်စစ်ကစားသမားတစ်ဦး ထပ်မံခေါ်ယူမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။
- ❑ မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာသည့် ခံစစ်ကစားသမား အီဗန်က နည်းပြလောကသို့ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ပြီး မန်ယူအသင်း နည်းပြတာဝန်ကို ရယူကာ နောက်တစ်ကြိမ် အသင်းနှင့် ပြန်လည်ပူးပေါင်းရန် မျှော်လင့်ထားကြောင်းသိရသည်။
- ❑ ချဲလ်ဆီးအသင်းက လာဇီယိုအသင်းမှ ခံစစ်ကစားသမား မာရီယိုဂီလာကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်လျက်ရှိသည်။

**ML**

# U.S.Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျေဂျေစပေါင်းဆွတ်ခူး

**ကော်ရင် ဇွန် ၁၆**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ကော်ရင်မြို့တွင်ကျင်းပခဲ့သည့် U.S .Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျေဂျေစပေါင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂေါက်သီးရိုက် လောက၏ အခက်အခဲဆုံးပြိုင်ပွဲအဖြစ် သတ်မှတ်ခံထားရသည့် ဂုဏ်ပုဒ်နှင့် အညီ ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည့် ဂျေဂျေစပေါင်းတစ်ဦးတည်းကသာ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်နိုင်ခဲ့သည်။

စကော့တလန် ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး နော်ဝေ ဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် နှစ်ချက်ပိုရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂျေဂျေစပေါင်းနှင့် မက်အင်တိုင်ရီတို့သည် နောက်ဆုံးနေ့တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်ပြီး မက်အင်တိုင်ရီအနေဖြင့်လည်း နောက်ဆုံးနေ့မှသာ ပုံစံကောင်းရရှိခဲ့ခြင်းဖြစ်သည်။



ဂျေဂျေစပေါင်းက “ဒီနှစ် U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲက ပုံပြင်စာအုပ်ထဲက ဇာတ်လမ်းလိုပဲ။ အဆုံးသတ်က တကယ်ကို မျှော်လင့်မထားတဲ့ အဆုံးသတ်မျိုးပါ။ နောက်ဆုံးကျင်းရောက်တဲ့အထိကို ချန်ပီယံဆုအတွက် အကြိတ်အနယ် ကစားခဲ့ရတယ်။ အဓိကပြိုင်ပွဲတစ်ရပ်မှာ အခုလိုရလဒ်မျိုးနဲ့ပဲ အဆုံးသတ်သွားလိမ့်မယ်လို့ ဘယ်သူမှထင်ထားမှာလဲမဟုတ်ဘူး။ ကျွန်တော့်အနေနဲ့လဲ ချန်ပီယံဖြစ်လာလိမ့်မယ်လို့ကိုထင်မထားဘူး။ ကျွန်တော့်ရဲ့အိပ်မက်တွေ အမှန်တကယ်ဖြစ်လာခဲ့ပြီ။ ကျွန်တော့်ဘဝမှာ ဒီအခိုက်အတန့်ကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်တော့ပါဘူး” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**


**Trs : AZL**

# MNL League Cup 2025 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၆**

MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ ကွာတားဖိုင်နယ်အဆင့်တွင် ထိပ်တိုက် တွေ့ဆုံလျက်ရှိနေကြောင်း သိရသည်။

MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက အုပ်စု(B) တွင် အုပ်စုလေးပွဲကစားခဲ့ရာ သုံးပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းက အုပ်စု(C )တွင် လေးပွဲကစားခဲ့ရာ နှစ်ပွဲနိုင် နှစ်ပွဲသရေ ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ရှစ်မှတ်ဖြင့် ရခိုင်ယူနိုက်တက်အသင်းနှင့် ရမှတ်တူညီခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယနေရာမှ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးပြီး MNL League Cup 2025 ပြိုင်ပွဲကိုငါးသင်းပါလေးအုပ်စုဖြင့် ကျင်းပခဲ့ပြီး အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စု(A)တွင် ရှမ်းယူနိုက်တက်အသင်းက အုပ်စုပထမ၊ ဒဂုံပေါ့အသင်းက အုပ်စုဒုတိယ၊ အုပ်စု(B)တွင် ရန်ကုန်ယူနိုက်တက် အသင်းက အုပ်စုပထမ၊ ဧရာဝတီယူနိုက်တက် အသင်းက အုပ်စုဒုတိယ၊ အုပ်စု(C) တွင် ရခိုင်ယူနိုက်တက်အသင်းက အုပ်စုပထမ၊ ဟံသာဝတီယူနိုက်တက်အသင်းက အုပ်စုဒုတိယ၊ အုပ်စု(D)တွင် ရတနာပုံအက်ဖ်စီအသင်းက အုပ်စုပထမနှင့် မြဝတီအက်ဖ်စီအသင်းက အုပ်စုဒုတိယနေရာဖြင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

MNL League Cup 2025 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇွန် ၁၈ ရက်တွင် ဒဂုံပေါ့အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇွန် ၁၉ ရက်တွင် ရခိုင်ယူနိုက်တက် အသင်းနှင့် ဧရာဝတီယူနိုက်တက် အသင်း၊ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# AFC Challenge League ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် လာအိုကလပ် EZRA Fc အသင်းနှင့် ကစားရမည်

**ရန်ကုန် ဇွန် ၁၆**

အာရှဘောလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် AFC Chall-enge League ပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်း အနေဖြင့် လာအိုကလပ် EZRA Fc အသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။


AFC Challenge League ပြိုင်ပွဲတွင် အစောပိုင်းက မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ကလပ်အသင်း တစ်သင်းတည်းကသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ကလပ်အသင်းနှစ်သင်း ပါဝင်ကစားခွင့်ရရှိမည်ဖြစ်ပြီး တစ်သင်းမှာ အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ပြီး ကျန်တစ်သင်းမှာ ရှုံးထွက်အဆင့်မှ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ၌ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် AFC Challenge League ပြိုင်ပွဲကို အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်း အနေဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် AFC Challenge League ပြိုင်ပွဲကို ရှုံးထွက်အဆင့်မှ ကစားသွားရမည်ဖြစ်သည်။

AFC Challenge League ပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက် အသင်းနှင့် EZRA Fc အသင်းတို့သည် လာမည့် ဩဂုတ် ၁၂ ရက်တွင် လာအိုနိုင်ငံတွင် ကျင်းပရမည်ဖြစ်ပြီး နောက်ထပ်ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဘရူနိုင်းကလပ် Kasuka Fc အသင်းနှင့် ကမ္ဘောဒီးယားကလပ် Phnom Penh Crown အသင်းတို့ ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းက ထိုင်းအသင်းကို ရှုံးနိမ့်ပြီးနောက် တတိယလုပွဲသာ ကစားရမည်



**ရန်ကုန် ဇွန် ၁၆**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် တတိယလုပွဲသာ ကစားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာ အိမ်ရှင်ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း လာအိုအသင်းနှင့် တီမောလက်စ်တေအသင်းတို့ကို အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပွဲစကတည်းက ထိုင်းအသင်းသည် မြန်မာအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၂ မိနစ်၊ ပွဲချိန် ၁၇ မိနစ်၊ ပွဲချိန် ၃၄ မိနစ်နှင့် ၄၁ မိနစ်တို့တွင် ထိုင်းအသင်းက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် ထိုင်းအသင်းက လေးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင်လည်း ထိုင်းအသင်းက ပွဲချိန် ၆၈ မိနစ်တွင် ဦးဆောင်ဂိုးနောက်ထပ်တစ်ဂိုး သွင်းယူနိုင်ခဲ့ကာ မြန်မာအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် စုစုခင်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း အနေဖြင့် တတိယလုပွဲစဉ်အဖြစ် ဇွန် ၁၈ ရက်တွင် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့မှ ရှုံးနိမ့်သည့်အသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# WBA ယာယီဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်ကို နိုနီတို ဆွတ်ခူး

**ဗျူနို့စ်အေရိစ် ဇွန် ၁၆**

WBA ယာယီဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ဖိလစ်ပိုင်လက်ဝှေ့သမား နိုနီတိုနှင့် ချီလီလက်ဝှေ့သမား အန်ဒရက်စ်တို့ ဇွန် ၁၅ ရက်တွင် အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့၌ ထိုးသတ်ခဲ့ရာ နိုနီတိုက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ WBA ယာယီဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

နိုနီတိုသည် အသက် ၄၂ နှစ်အရွယ်ရှိနေပြီဖြစ်ပြီး အသက်အကြီးဆုံး WBA ယာယီဘင်တန်ဝိတ်တန်း ချန်ပီယံအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

နိုနီတိုသည် အသက် ၂၈ နှစ်အရွယ် အန်ဒရက်စ်အား အတွေ့အကြုံများကို အကောင်းဆုံး အသုံးချကာ အနိုင်ရလဒ်ဖြင့် ထိုက်တန်သည့် စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သည်။

ယာယီချန်ပီယံဆုအား ရရှိခဲ့ပြီးနောက် လက်ရှိချန်ပီယံဖြစ်သူကိုလည်း စိန်ခေါ်ထိုးသတ်သွားနိုင်ရေးအတွက် စီစဉ်သွားမည်ဖြစ်ကြောင်းလည်း နိုနီတိုက ပြောကြားခဲ့သည်။

နိုနီတိုက "စိန်ခေါ်ပွဲရဲ့ ရလဒ်က အခုလိုရလဒ်မျိုးနဲ့ အဆုံးသတ်သွားခဲ့တာကိုတော့ စိတ်မကောင်းပါဘူး။ ကျွန်တော့်အနေနဲ့ အာဂျင်တီးနားပရိသတ်တွေကို ကျွန်တော့်ရဲ့ လက်ဝှေ့သမားတစ်ယောက်ရဲ့ လက်ဝှေ့အားကစားကို ချစ်မြတ်နိုးတဲ့စိတ်၊ တိုက်ရဲခိုက်ရဲတဲ့စိတ်ကို ပြသလိုတဲ့အတွက်ကြောင့် အခုလို အသက်အရွယ်အထိ ကြိုးဝိုင်းထဲမှာ လှုပ်ရှားကျင်လည်နေတာပါ။ အခု ယာယီချန်ပီယံတော့ ဖြစ်ခွင့်ရပြီ။ မကြာခင်မှာပဲ လက်ရှိချန်ပီယံကို စိန်ခေါ်ထိုးသတ်သွားမယ်။ နောက်ပွဲတွေမှာ အခုထက်ပိုကောင်းအောင် ထိုးသတ်နိုင်အောင် ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# Queen's Club Championships တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို တက်ဂျာနာမာရီယာ ဆွတ်ခူး

**လန်ဒန် ဇွန် ၁၆**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပခဲ့သည့် Queen's Club Championships တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဂျာမနီတင်းနစ်မယ် တက်ဂျာနာမာရီယာနှင့် အမေရိကန်တင်းနစ်မယ် အနီစီမိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တက်ဂျာနာမာရီယာက (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရည်စစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရသည့် တက်ဂျာနာမာရီယာသည် Queen's Club Championships တင်းနစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် လက်ရည်စစ်ပွဲအဆင့်မှ ပါဝင်ယှဉ်ပြိုင်ပြီး ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော ပြိုင်ပွဲဝင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ယင်းအပြင် အသက် ၃၇ နှစ်အရွယ်ရှိနေပြီဖြစ်သည့် တက်ဂျာနာမာရီယာသည် WTA ဆုဖလားကို ဆွတ်ခူးခဲ့သည့် အသက်အကြီးဆုံး တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် အနိုင်ရရှိရန် ရေပန်းစားနေသည့် အနီစီမိုဗာကို တက်ဂျာနာမာရီယာက နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သလို ရလဒ်မှာလည်း ပြတ်သားခဲ့သည်။

တက်ဂျာနာမာရီယာက "အိပ်မက်တွေ တကယ်ဖြစ်လာခဲ့ပြီ။ ဒီပြိုင်ပွဲကိုလာတာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်လိမ့်မယ်လို့ လုံးဝမျှော်လင့်မထားပါဘူး။ အဆုံးသတ်မှာ ချန်ပီယံဆုကို အမှန်တကယ် ရခဲ့တယ်။ မယုံကြည်နိုင်လောက်အောင်ဖြစ်ရပြီးတော့ အရမ်းလဲ ပျော်ပါတယ်။ ယုံကြည်မှုရှိမယ်ဆိုရင် ဘာမဆိုဖြစ်လာနိုင်တယ်ဆိုတာကိုလဲ ပိုပြီးတော့ သဘောပေါက်လာခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ရခိုင်ကမ်းရိုးတန်း ဟန်တာပင်လယ်အော်ကမ်းစပ်အနှံ့ ကျယ်ပြန့်လာနေသော ဂျင်းခရုမွေးမြူရေး

ရခိုင်ကမ်းရိုးတန်း၏ အရှေ့အလယ်ပိုင်းတွင် ကျွန်းကြီး ၄၈ ကျွန်းနှင့် ကျွန်းငယ် ၇၂ ကျွန်းဖြင့် ဖွဲ့စည်းထားသော မြေပုံမြို့နယ်သည် ဘင်္ဂလား ပင်လယ်အော်၏အစွယ်အပွား ဟန်တာပင်လယ်၏ ကမ်းစပ်နဖူးတွင်တည်ရှိကာ အနောက်ဘက်တွင် ပေါက်ဆိန်ကျမြစ်၊ ကြတ်စင်မြစ်၊ အရှေ့ဘက်တွင် မြေပုံမြစ် ခေါ် လေးမြို့မြစ်၊ ဒိုင်းဘုံမြစ်၊ အရှေ့တောင်ဘက်တွင် သဲကြမ်းမြစ် ခေါ် လောင်းဒရိတ်မြစ်၊ ကပိုင်ကျွန်းမြစ်၊ နတ်ကျွန်းမြစ်၊ သွေ့ဦးချိုင်မြစ် တို့ဖြင့် ပတ်လည်ဝန်းရံလျက်ရှိပြီး ၎င်းမြစ်ကြောင်းများမှ စီးဝင်လျက်ရှိသော ချောင်းငယ်များ မြောက်မြားစွာရှိနေသည့်အတွက် ရေငန်ဒီရေရောက်သည့် ရေလွှမ်းရွံ့လွင်ပြင်ရှိသော ကျွန်းကြီး၊ ကျွန်းငယ်များလည်း ပေါများလှသည်။

ထိုကဲ့သို့ ပေါများလှသောကျွန်းများ၏ အတွင်းပိုင်းတွင် လယ်ကွင်းများရှိပြီး လယ်ကွင်းများ၏ အပြင်ဘက် မြစ်ကမ်းစပ်တစ်လျှောက်တွင် ရေငန်ပုစွန်မွေးမြူရေးကန်၏ တာပေါင်များဖြင့် အနားသတ်ထားကာ ၎င်းတာပေါင်များ၏ အပြင်ဘက် ဒီရေရောက်သည့် ရွံ့ပြင်များတွင် ဂျင်းခရု (ဒေသအခေါ် ခုံးသကြဲ)မွေးမြူရေးလုပ်ငန်းကို မြေပုံမြို့နယ်၏ အရှေ့တောင်ဘက်မှ ကျေးရွာကမ်းစပ်များတွင် တစ်နိုင်တစ်ပိုင်မှသည် ယခုနှစ်တွင် တွင်ကျယ်စွာ မွေးမြူလုပ်ကိုင်နေကြပြီဖြစ်သည်။

ဒေသခံများသည် ဂျင်းခရု(ခုံးသကြဲ)ကို ဒေသတွင်းတွင် ကျယ်ကျယ်ပြန့်ပြန့်စားသုံးမှုမရှိကြပေ။ ဒေသတွင်းတွင် ကြိုက်နှစ်သက်ကြသော ပင်လယ်စာများမှာ မြေပုံမြို့နယ်အနီး ဗျက်မကျွန်းနှင့် ကမ်းထောင်းကြီးဒေသမှ အချိန်ရာသီမရွေးထွက်ရှိနေသော ခုံးချောနှင့် ခုံးစောက်၊ အရှေ့တောင်ဘက်အဆုံး ကျွန်းပြသဒ်အနီးမှထွက်ရှိသော ခုံးယောက်မတို့ပင်ဖြစ်သည်။ မြေပုံမြို့နယ်မှ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ဖူးသော ရွှေ့ပြောင်းလုပ်သားလူငယ်များက ထိုင်းနိုင်ငံ စားသောက်ဆိုင်များတွင် တန်ဖိုးကြီးကြီးပေးကာ ဝယ်ယူစားသောက်ရသည့် ဂျင်းခရုများမှာလည်း မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးမှထွက်ကုန်များဖြစ်ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ်မှစတင်ပြီး ကျေးရွာကမ်းစပ်ရွံ့ပြင်များတွင် ဒီရေကျချိန်၌ သဘာဝအလျောက်ပြန့်ကြဲနေသော ရောင်းတန်းဝင်အဆင့်မီသည့် ဂျင်းခရုများ ဝယ်ယူစုဆောင်းပြီး ဒိုင်များမှတစ်ဆင့် တင်ပို့လာကြသည်။

ထိုကဲ့သို့ သဘာဝအလျောက်ပေါက်ဖွားရှင်သန်နေသော ဂျင်းခရုများကို ယခုကဲ့သို့ သမားရိုးကျတင်ပို့ရောင်းချနေပါက နောင်တစ်ချိန်တွင် ရှားပါး၍ မျိုးပြုန်းတီးလာနိုင်ကြောင်းနှင့် မိမိတို့ဒေသတွင် ကာလအတိုင်းအတာတစ်ခုထိမွေးမြူ၍ ပြည်ပပို့ကုန် ရောင်းတန်းဝင်အဆင့်ရောက်မှ ထုတ်လုပ်တင်ပို့ ရောင်းချမည်ဆိုပါက စဉ်ဆက်မပြတ်တင်ပို့ရောင်းချနိုင်ကာ မျိုးပြုန်းတီးမှုကိုလည်း တားဆီးကာကွယ်နိုင်မည်ဖြစ်၍ ၂၀၂၀ ပြည့်နှစ်မှစ၍ ဂျင်းခရုမွေးမြူပြီး ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းကို မြေပုံမြို့နယ် အရှေ့တောင်ပိုင်းကျေးရွာများက စတင်လုပ်ဆောင်လာကြသည်။

မြေပုံမြို့နယ် အရှေ့တောင်ပိုင်းမှ ကျေးရွာများဖြစ်သည့် ကိုရံပြင်၊ လောင်းဒရိတ်၊ ဘီလူးဘွေ၊ ငွေတွင်းတူး၊ နှာမောင်းကျ၊ တောင်ညို၊ ရေခေါင်းချိန်၊ ကျောက်ဖျာ၊ ငန်းတောင်၊ သရက်တောင်၊ ကုက္ကို၊ ကုန်ဘောင်၊ တောင်ကြီးရင်း၊ သေချောင်း၊ သဝင်စေ့ကေအစရှိသည့် ဒီရေကျသွားလျှင် အနီးအနားတွင် ရွံ့ပြင်ဧရိယာပေါများသည့် ကျေးရွာများမှ ဂျင်းခရုမွေးမြူထုတ်လုပ်တင်ပို့ရောင်းချသည့်လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လာကြသည်။

ဂျင်းခရုကို ဒေသတွင်းမွေးမြူရာတွင် ကုန်ကျစရိတ်နည်းပါးခြင်း၊ လိုအပ်သည့်ဂျင်းခရုသားပေါက်များကိုလည်း ရွံ့ပြင်များတွင် လွယ်ကူစွာရှာဖွေစုဆောင်းရရှိနိုင်ခြင်း၊ လုပ်သားအင်အားမလိုအပ်ဘဲ မိသားစုတစ်နိုင်တစ်ပိုင် လက်လှမ်းမီစွာလုပ်ကိုင်နိုင်ခြင်း၊ ပုစွန်မွေးမြူခြင်းကဲ့သို့ မွေးကန်တူးဖော်ရန်မလိုအပ်ခြင်း၊ အစာကျွေးမွေးရန်အတွက် သီးသန့်မလိုအပ်ခြင်း၊ မွေးမြူရရှိ ဂျင်းခရုများကို တင်ပို့ရောင်းချနိုင်ရန် ခိုင်မာသောဈေးကွက်ရှိနေခြင်းတို့ကြောင့် မွေးမြူမည့်သူများ စိတ်ဝင်စားလာကြခြင်းဖြစ်သည်။



**မွေးကန်တွင်ထည့်သွင်းမွေးမြူသည့် ဂျင်းခရုသားပေါက်အရွယ်အမျိုးမျိုး**

မြေပုံမြို့နယ်ဒေသတွင် ဂျင်းခရုကို မွေးမြူရန်အတွက် ပထမဆုံးမြေနေရာရွေးချယ်ရာ၌ မြစ်ကမ်းစပ်မှ ဒီရေတက်ချိန်တွင် ဒီရေရောက်ပြီး ရေကျချိန်တွင် ရွံ့သောင်ဖြစ်၍ကျန်ခဲ့သည့် ရွံ့ပျော့မြေကို ရွေးချယ်ကြပြီး မြေမာများကို ရွေးချယ်မှုမပြုကြပေ။ အကာအရံကန်အဖြစ်ပြုလုပ်ရန် အများအားဖြင့် ဇာပိုက်ကိုအသုံးပြုကြပြီး အခြားခွင်ကျဉ်းပိုက်ငယ်များကိုလည်း သင့်တော်သလို အသုံးပြုကြသည်။ ထိုသို့အကာအရံပြုလုပ်ကြခြင်းမှာ ၎င်းဂျင်းခရုများသည် တစ်နေရာမှအခြားတစ်နေရာသို့ ရွှေ့လျားသွားလာခြင်းကိုထိန်းချုပ်ရန် ဦးတည်ဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်ဦး၏ ပိုင်နက်ဧရိယာနှင့် အခြားသူတစ်ဦး၏ပိုင်နက်ဧရိယာ ရောထွေးမှုမရှိစေရန်အတွက်သာ နယ်နိမိတ်သတ်မှတ်ခြင်းဖြစ်သည်။

ဂျင်းခရုမွေးမြူမည့်ကန်၏ အကာအရံပြုလုပ်မည့်ကွင်ကျဉ်းပိုက်ငယ်ကို အနံ ၁ ဒသမ ၅ ပေခန့်ပိုင်းဖြတ်၍ ရွံ့အောက်ခြေတွင် ခြောက်လက်မခန့် မြှုပ်ထားရပြီး အပေါ်ပိုင်းတွင် တစ်ပေခန့်အမြင့်ဖြင့် ကာရံထားကြသည်။ ဒီလှိုင်းများကြောင့် ပိုက်ရွေ့လျားမှုမရှိစေရန်အတွက်လည်း သုံးပေခြားခန့် ဝါးတိုင်များစိုက်ကာ ကြိုးဖြင့်ချည်နှောင်ထားရမည်။ ကန်ထဲတွင်ထည့်၍ မွေးမြူရန်သားပေါက်များကို ၎င်းအနီးအနားမှပင် ဝယ်ယူထည့်သွင်းကြသည်။ သားပေါက်ရယူပုံမှာလည်း ဂျင်းခရုတွေအများဆုံးတွေ့ရတတ်သည့်နေရာအနီးတစ်ဝိုက်မှ ရွံ့မြေပျော့ကို ဇာပိုက်ဖြင့်ဆန်ခါတိုက်ကာ ရွံ့မြေပျော့များသည် ရေနဲ့အတူ ပိုက်အောက်သို့ကျဆင်းသွားပြီး ပိုက်ပေါ်တွင် တင်ကျန်ခဲ့သော အဖြူခဲလေးများသည် သားပေါက်များဖြစ်သည်။ ဂျင်းခရုသားပေါက်များ မျိုးပွားပေါက်ဖွားမှုပုံစံမှာလည်း ပင်လယ်ရေစီးကြောင်းအတိုင်းမျှောပါလာသော ဂျင်းဖို၊ မဟော်မုန်းများမှတစ်ဆင့် ပေါက်ဖွားလာကြခြင်းဖြစ်သည်ဟု အတွေ့အကြုံရှိ ဂျင်းခရုမွေးမြူသူထံမှ သိရသည်။

ဂျင်းသားပေါက်များကို မိုးဦးကျကာလ ဇွန်လတွင် အများဆုံးဝယ်ယူရရှိနိုင်ပြီး မြေပုံဒေသတွင် ဂျင်းသားပေါက် တစ်ကီလိုလျှင် ငွေကျပ် ၇၀၀၀ ခန့်ပေးဝယ်ယူပြီး ထည့်သွင်းမွေးမြူကြသည်။ စတင်မွေးမြူသည်မှ ဈေးကွက်တင်ပို့ရောင်းချနိုင်သည့် အရွယ်ထိရောက်ရှိနိုင်ရန် ခုနစ်လမှ ၁၀ လခန့်ထိ မွေးမြူရကြောင်း သိရသည်။ အရွယ်ရောက် ရောင်းတန်းဝင်ဂျင်းခရုကို ရွေးချယ်ရာတွင်လည်း ရေသန့်ဘူးအပေါက်ဝကိုမူတည်ပြီး ရွေးချယ်စံသတ်မှတ်ကြသည်။ ဂျင်းခရုကို ရေသန့်ဘူး၏ အပေါက်ဝပေါ်တင်၍ အထဲသို့ဝင်သွားပါက အလတ်ဆိုဒ်ဟုသတ်မှတ်ပြီး ၎င်းကို ဈေးကွက်သို့ပို့ပါက ဈေးသိပ်မကောင်းပေ။ ရေသန့်ဘူး၏ခေါင်းပိုင်း အပေါက်ဝတွင်တင်နေပါက အကြီးဆိုဒ်ဟုသတ်မှတ်ပြီး ဈေးအရဆုံးဆိုဒ်ပင်ဖြစ်ကာ အလွန့်အလွန်ကြီးနေပါကလည်း အရွယ်လွန်ဆိုဒ်ဟုသတ်မှတ်သည်။

**ဂျင်းခရုများကို အရွယ်အစားစိစစ်ရွေးချယ်ခြင်း**

မြေပုံမြို့နယ်မှ ဂျင်းခရုဝယ်ယူသူများသည် အရွယ်ငယ်ဆန်စေ့ခန့်ရှိ သားပေါက်ငယ်မှသည် ဈေးကွက်တင်ပို့ ရောင်းချနိုင်သည့်အရွယ်ထိ ဈေးနှုန်းသတ်မှတ်ကာ ဝယ်ယူကြသည်။ ဒိုင်များကမူ သားပေါက်များနှင့် ဈေးကွက်တွင် ဈေးကောင်းမရသည့်အရွယ်ငယ်ဂျင်းခရုများကို ၎င်းတို့၏ ကိုယ်ပိုင်မွေးကန်ထဲတွင် ထည့်သွင်းမွေးမြူကာ ဈေးကွက်တွင် ရောင်းတန်းဝင်သည့် အရွယ်ရောက်မှ ထုတ်လုပ်တင်ပို့ကြခြင်းဖြင့် ၎င်းတို့အတွက်လည်း စီးပွားရေးတွက်ခြေကိုက်ကာ ဂျင်းခရုမျိုးမသုဉ်းစေရန် မျိုးထိန်းသိမ်းမှုကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

ဂျင်းခရုမွေးမြူရာတွင် မိုးနှောင်းကာလ အောက်တိုဘာ၊ နိုဝင်ဘာလများသည် ရာသီပြောင်းလဲမှုရှိချိန်ဖြစ်ပြီး၊ မွေးကန်အတွင်းသေဆုံးမှုများလည်းရှိကြောင်း သိရသည်။ ဈေးကွက်သို့တင်ပို့ရာတွင်လည်း လမ်းတွင် သေပျောက်မှုများသောကြောင့် ဒိုင်များက ဝယ်ယူတင်ပို့မှုကို ချင့်ချိန်ကာ လုပ်ကိုင်ကြသည်။ ဂျင်းခရုကို လဆုတ်၊ လဆန်း ၁၁ ရက်မှ စတင်ကောက်ယူစုဆောင်းကြကာ လဆုတ်၊ လဆန်း ၅ ရက်ထိ (ရေထ၊ ရေကြီး)ရက်များတွင် ကောက်ယူကြသည်။ ရေသေရက်များတွင်ကား ဂျင်းခရုကိုရှာဖွေလေ့မရှိကြပါ။

ဂျင်းခရုရောင်းဝယ်ရေးဒိုင်များတွင် စုဆောင်းထားမှုမှာ တစ်ရက်ခန့်သာထားပြီး ထိုသို့စုဆောင်းစဉ်ကာလ တွင်လည်း အသေကောင်များကိုရွေးပယ်ခြင်း၊ အရွယ်ငယ်များကို မွေးကန်ထဲသို့ ပြန်ထည့်ခြင်းနှင့် ဈေးကွက်တင်ပို့ရန် ဂျင်းများကို ရေငန်ပက်ဖျန်းပြီး ဂုန်နီအိတ်ဖြင့် ဖုံးအုပ်ထားခြင်းဖြင့် အသေအပျောက်နည်းကြောင်း သိရသည်။

ဂျင်းခရုများကို သယ်ယူတင်ပို့ရောင်းချရာတွင် ဂျင်းသယ်ယူသောဂုန်နီအိတ်ထဲ၌ ဆောင်းရာသီတွင် ရေခဲအိတ်ထည့်ရန်မလိုသော်လည်း နွေရာသီတွင် ရေခဲအိတ်ထည့်ရန် လိုအပ်သည်။ ဂျင်းခရုကို အများဆုံးသယ်ယူတင်ပို့ရောင်းချသည့်ကာလမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ ဒီဇင်ဘာလတို့ဖြစ်ပြီး ဧပြီ၊ မေ၊ အောက်တိုဘာ၊ နိုဝင်ဘာလတို့တွင် အပူချိန်ပြင်း၍ တင်ပို့မှုမရှိကြပေ။

ဤရခိုင်ကမ်းရိုးတန်းဒေသ၊ ဘင်္ဂလားပင်လယ်အော်၏အစွယ်အပွား ဟန်တာပင်လယ်အော်ကမ်းစပ် မြေပုံဒေသတွင် ယခင်နှစ်ပေါင်း ၃၀ ကျော် အချိန်ကာလများဆီက စတင်လာခဲ့သော ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသည် ဒေသတွင်းတွင် အတိုင်းအတာတစ်ခုထိ ပုံမှန်လည်ပတ်လျက်ရှိနေပြီဖြစ်သော်လည်း ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှုများပြားခြင်းနှင့်အတူ လုပ်သားအင်အားလိုအပ်ခြင်း၊ ဥတုရာသီများ ရုတ်တရက်ဖောက်ပြန်လာပါက ဆုံးရှုံးမှုများပြားခြင်းနှင့်အတူ ပြန်လည်နာလန်ထူနိုင်ရန်မလွယ်ကူခြင်းတို့ကြောင့် သာမန်ကျေးလက်နေပြည်သူများအနေဖြင့် လက်လှမ်းမမီနိုင်ခြင်းများလည်း ရှိနေတတ်ကြသည်။

သို့ရာတွင် ယခုပို့ကုန်အမည်သစ်ဖြင့် ခိုင်မာသောဈေးကွက်တစ်ခုရှိနေပြီး ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကျေးလက်နေ သာမန်ပြည်သူများလက်လှမ်းမီကာ လုပ်သားအင်အားအနေဖြင့်လည်း မိသားစုတစ်နိုင်တစ်ပိုင်စုပေါင်းလုပ်ကိုင်နိုင်၍ အိုးမကွာ အိမ်မကွာ ကျေးရွာအနီးတွင် မွေးမြူလုပ်ကိုင်နိုင်သည့် ဤဂျင်းခရုမွေးမြူထုတ်လုပ်တင်ပို့သည့် လုပ်ငန်းသည် ဒီရေရောက် ရွံ့ပျော့မြေများသည့် မြေပုံမြို့နယ်တစ်ဝန်း ကျွန်းကြီး၊ ကျွန်းငယ်များတွင်နေထိုင်သည့် ကျေးရွာသူ၊ ကျေးရွာသားများအတွက်ကား သဘာဝက မျက်နှာသာပေးသည့် လက်ဆောင်မွန်ပင်ဖြစ်သည်။

ဤကဲ့သို့ ရေ၊ မြေ၊ သားပေါက်နှင့် ဈေးကွက် ခိုင်မာမှုပါ အလားအလာကောင်းနေသည့် ဂျင်းခရုမွေးမြူရေးလုပ်ငန်းသည် ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းရှိ မြေပုံဒေသအတွင်း ရေငန်ပုစွန်မွေးမြူရေးပြီးနောက် အရှိန်အဟုန်ရစပြုနေပြီဖြစ်သော ဒုတိယမြောက် ရေငန်အခြေပြုမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ဈေးကွက်အလိုကျထုတ်လုပ်တင်ပို့ခြင်းဖြင့် မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်တင်ပို့နိုင်စေရန်အတွက် မျိုးပွားရာသီနှင့် မျိုးပွားသားပေါက်မှုနည်းစနစ်များကို ဌာန၊ လုပ်ငန်းရှင်နှင့် ရေလုပ်သားတို့ စုပေါင်းကာ ဆွေးနွေးပူးပေါင်းမှုရလဒ်ကောင်းများဖြင့် မျိုးထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ခိုင်မာမှုရှိသော ပြည်ပပို့ကုန်အမည်သစ်တစ်ခုအနေဖြင့် စဉ်ဆက်မပြတ်ထုတ်လုပ်တင်ပို့သွားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြလိုက်ရပါသည်။

**ကိုငါးကြီး(မြေပုံ)**

# တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Live In Mandalay တေးဂီတ ဖျော်ဖြေပွဲကို The Square Theatre Bar တွင် ပြုလုပ်မည်ဖြစ်




**ရန်ကုန် ဇွန် ၁၆**

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Live In Mandalay တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ဇွန် ၂၉ ရက် ညတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Live In Mandalay တေးဂီတဖျော်ဖြေပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၏ သီဆိုဖျော်ဖြေမှုကို The Square Band တေးဂီတအဖွဲ့က အကောင်းဆုံး တီးခတ်ပေးသွားမည်ဟုလည်း သိရသည်။

"မန္တလေးက ချစ်ပရိသတ်တွေအတွက် ဇွန် ၂၉ ရက်မှာ The Square Theatre Bar မှာ Sai Sai Live In Mandalay ရှိနေပါမယ်။ ဒီပွဲကနေရရှိလာတဲ့ အမြတ်ငွေအားလုံးကို လူမှုကူညီရေးအသင်းတွေကို လှူဒါန်းသွားမှာဖြစ်တာကြောင့် လာရောက်အားပေးကြဖို့ အားလုံးကိုဖိတ်ခေါ်လိုက်ပါတယ်။ ဘယ်အခါမှရိုးမသွားတဲ့ သီချင်းများစွာနဲ့ အားလုံးရဲ့ရင်ထဲမှာ နေရာယူထားသလို သီချင်းအသစ်တွေနဲ့ ရသအသစ်တွေကိုလဲ ခံစားရမှာဖြစ်ပါတယ်" ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Live In Mandalay တေးဂီတ ဖျော်ဖြေပွဲကို The Square Theatre Bar ၌ ဇွန် ၂၉ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# ပျောက်ဆုံးနေသောကေရီ ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၁ ရက်မှစတင် ထုတ်လွှင့်မည်ဖြစ်




**ရန်ကုန် ဇွန် ၁၆**

Channel K ရုပ်သံလိုင်းနှင့် Channel K Myanmar YouTube Channel မှ ပျောက်ဆုံးနေသော ကေရီ ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၁ ရက်မှ စတင်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပျောက်ဆုံးနေသော ကေရီ ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးထုတ်လုပ်သည့် Bonanza Production မှ CEO မနိုရာကိုထံမှ သိရသည်။

အဆိုပါ ပျောက်ဆုံးနေသော ကေရီရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို Natar Sha က ရေးသားထားပြီး Skyward Art Team က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ အောင်မင်းသန့်က Bonanza Production အတွက် တာဝန်ယူ ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ အပိုင်း ၈ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ ဇာတ်လမ်းတွဲကတော့ လူငယ်ကြိုက် လူငယ်အချစ်ဇာတ်လမ်းတွဲ ဖြစ်ပေမဲ့လျှို့ဝှက်သည်းဖို ဇာတ်လမ်းလဲဖြစ်တဲ့အတွက် ပရိသတ်တွေ စိတ်ဝင်စားမှာပါ။ လူငယ် မိန်းကလေးသူငယ်ချင်း လေးယောက်နဲ့ လူငယ်ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်တို့ ရဲ့လူငယ်ဘဝဇာတ်လမ်းလေးပါပဲ။ မထင်မှတ်တဲ့ အလှည့်အပြောင်းလေးတွေ၊ လျှို့ဝှက်သည်းဖို စုံထောက်ဆန်တဲ့ ဇာတ်အိမ် ဇာတ်ကွက်လေးတွေလဲ ပါဝင်ပါတယ်" ဟု မနိုရာကိုကပြောပြသည်။

အဆိုပါ ပျောက်ဆုံးနေသော ကေရီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စူးရှထူးကြည်၊ အယ်လာရွှေစင်၊ မေသူထွန်း၊ ဆုယွန်းထက်၊ နန်းအိန္ဒြေစသူတို့က ပါဝင်သရုပ်ဆောင်ထားကြပြီး ဇွန် ၂၁ ရက်မှ စတင်ကာ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ည ၈ နာရီ အချိန်တွင် Channel K ရုပ်သံလိုင်းနှင့် Channel K Myanmar YouTube Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မြစ်လက်တက်ပေမယ့် ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲပေး အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၆**

မင်းမဟာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မြစ်လက်တက်ပေမယ့် ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲပေး အခမ်းအနားကို ဇွန် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ညောင်ဝိုင်းလေး ကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်လက်တက်ပေမယ့် ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကြီးသည် စာရေးဆရာ ဆောင်းလုလင်၏ မြစ်လက်တက်ပေမယ့်ရေစီးကကြမ်းတယ် စာပေဆုရ ဝတ္ထုကို ဖြိုးသဉ္ဇာကျော်က ဇာတ်ညွှန်းရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာပီကေက မင်းမဟာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးမည်ဟု သိရသည်။

"ဒီဝတ္ထုက ဆရာဆောင်းလုလင်ရဲ့ စာပေပြိုင်ပွဲတစ်ခုမှာ ပထမဆုရထားတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ ဇာတ်လမ်းက တော်တော်လေးကောင်းပါတယ်။ လူတစ်ယောက်ရဲ့ မေတ္တာတရား ကြီးမားပုံနဲ့ဆွေစုမျိုးစုတစ်ခုတည်းမှာ သွေးသားမတော်စပ်သော်လဲဘဲမေတ္တာတရားထားနိုင်ပုံကို ဖော်ညွှန်းထားတာပါ။ ဇာတ်ဦးပိုင်းမှာ လိုအပ်မဲ့အပိုင်းလေးတွေကို စာရေးဆရာက ထပ်ဖြည့်ပေးထားတာ ရှိပါတယ်။ အခုဇာတ်မှာအဓိကကျတဲ့ ဇာတ်ကောင် အသိန်းကာရိုက်တာမျိုးကို အရင်ကလဲ ရိုက်ခဲ့ဖူးပါတယ်။ အခုလဲ ဝတ္ထုထဲက အသိန်းကို ပရိသတ်တွေ မြင်ရအောင်အကောင်းဆုံး ကြိုးစားသွားမှာပါ" ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင်နေတိုးက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ နေမျိုးအောင်၊ ညီနန္ဒ၊ ဗီတာမင်၊ သံသာညီ၊ မေမီလင်း၊ ဋ္ဌေးသည် သရုပ်ဆောင် အေးဝတ်ရည်သောင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Spaceballs ဇာတ်ကားသစ်၌ မင်းသား လူးဝစ်ပူးမင်း ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၁၆**

Amazon MGM စတူဒီယို၏ Spaceballs နောက်ဆက်တွဲ ဇာတ်ကားသစ်၌ မင်းသား လူးဝစ်ပူးမင်း ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇွန် ၁၅ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသား လူးဝစ်ပူးမင်းသည် Spaceballs နောက်ဆက်တွဲ ဇာတ်ကားသည် ပါဝင်သရုပ်ဆောင်ရေး အတွက် Amazon MGM စတူဒီယို၏ တာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိပါက လူးဝစ်ပူးမင်းသည် ၎င်း၏ ဖခင်ဖြစ်သူ မင်းသား ဘေးပူးမင်း၊ မင်းသမီး ဒက်ဖင်းဇူနီဂါ၊ ကီကီပဲမားတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Spaceballs နောက်ဆက်တွဲ ဇာတ်ကားသစ်သည် ဘေးပူးမင်းနှင့်လူးဝစ်ပူးမင်းတို့ သားအဖအဖြစ် သရုပ်ဆောင်ကြရမည့် ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး The Ballat of Lefty Brown ဇာတ်ကားတွင် သားအဖအဖြစ် သရုပ်ဆောင်ခဲ့ဖူးကြောင်း သိရသည်။

Spaceballs နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျို့ဂရင်းဘမ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# The Devil's Train ဇာတ်ကား၌ မင်းသား ဂျက်ဟက်ဆင် ပါဝင်မည်

**နယူးယောက် ဇွန် ၁၆**

The Devil's Train အမည်ရှိ စူပါဟီးရိုး ဇာတ်ကားသစ်တွင် မင်းသား ဂျက်ဟက်ဆင်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၅ ရက်သတင်းများတွင်ရေးသားဖော်ပြထားသည်။

The Devil's Train ဇာတ်ကားသည် အမေရိကန် ကာတွန်းဆရာ မက်သရူးဒန်ကင်ဆင်၏ အမည်တူ ရုပ်ပြကာတွန်းကို ရုပ်ရှင်အဖြစ် ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျက်ဟက်ဆင်သည် အချိန်ခရီးသွားနိုင်ပြီး မကောင်းဆိုးဝါးစီးနေသောစက်ရုပ်လူသား ဘကွန်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

The Devil's Train ဇာတ်ကားကို ဒါရိုက်တာဂျက်ဂီးကတာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ကာတွန်းဆရာ မက်သရူးဒန်ကင်ဆင် ကိုယ်တိုင်ရေးသားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား စတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးပေ။

**Ref : Sputnik News**

**Trs : KKO**





# All sown acreage of summer paddy harvested in Katha Township of Sagaing Region



Summer paddy being harvested with the help of machinery.

**Katha June 16**

Statistics of Katha Township Agriculture Department stated that local farmers have so far harvested all sown acreage of summer paddy in Katha Township of Sagaing Region.

They could plant 11,079 acres of summer paddy in Katha Township. After harvesting the crops, summer paddy yielded 82.84 baskets per acre.

U Ko Lay, Head of Katha Township Agriculture Department, commented: "Local farmers planted 11,079 acres of summer paddy in Katha Township. So far, they have harvested all summer paddy plantations. Our department helped local farmers prevent pest, use agricultural techniques, minimize loss of crops and keep harvested paddy under shelter in time."

Agricultural staff of the township department distribute quality strains of crops and techniques for boosting per-acre yield of crops and conduct seminars of farmers as well as provide agricultural inputs in time.

Farmers have been urged to follow guidelines issued by the Agriculture Department on prevention of pests, fulfillment of soil nutrition and collection of quality seeds.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# A large number of green clams sent to Yangon market in May

**Mawlamyinegyun June 16**

Local merchants from Mawlamyinegyun Township of Ayeyawady Region sold a large number of green clams to Yangon market in May, said Daw Moe Myint, the owner of fishery product trading in Mawlamyinegyun Township.

They supply green clams to Yangon market. In April, they sent 50,000 green clams to Yangon market, in comparison with 70,000 viss in May due to high demand from Yangon.

She disclosed: "Green clams are in high demand at Yangon market. Merchants sent larger volume of green clams to Yangon in previous months. Local fishermen catch fish, prawn and crabs naturally. They send fishery products including green clams to Yangon market via Mawlamyinegyun Township. High demand reflects creation of more and more job opportunities for fishermen and those in production chain. At present green clam fetches K15,500 per viss."

Merchants and businesspersons purchase marine products from fishermen in Mawlamyinegyun Township to sell it with systematic processing and packaging process to Yangon market which distributes fishery products to other regions and states.

Kyaw Kyaw Lin



Green clams.

# Bogale Township dispatches 66,000 viss of catfish to Yangon market in May

**Bogale June 16**

Local merchants from Bogale Township in Ayeyawady Region sent 66,000 viss of catfish to Yangon market in May, said Daw Su Su Hlaing, the owner of fishery depot in Bogale Township.

They sold 45,000 viss of catfish to Yangon in April, compared to 66,000 viss in May. Now, catfish fvetches K175,000 per 10 viss.

She added: "Merchants from Bogale Township sold many viss of catfish to Yangon last month. Depending on demand from Yangon market, they sell fish. Catfish is one of the best domestic consumption among the people. Currently, catfish is in high demand. It gets K17,500 per viss. Local merchants sell other marine products to Yangon."

Fishermen sell catfish to domestic market as well as Yangon market. Thanks to high demand of catfish at the market, local farmers in addition to all persons in production change are convenient in their livelihoods.

Kyaw Kyaw Lin



Catfish being farmed in a lake.

# Farmers finish cultivation of monsoon green gram in ChaungU Township this year

**ChaungU June 16**

Local farmers have planted 1,627 acres of monsoon green gram in ChaungU Township of Sagaing Region this year, according to the township Agriculture Department.

Although local authorities earmarked cultivation of 14,030 acres of green gram this year, local farmers planted 1,627 acres of crops against the target in 2025-26 cultivation season.

U Tint Swe, Head of ChaungU Township Agriculture Department, said: "Local authorities set a plan to grow more than 14,000 acres of monsoon green gram this year but local farmers have so far planted more than 1,000 acres against the target cultivation. Our department helps local farmers grow green gram to meet the target. Moreover, we urge local farmers to expand sown acreage of green gram and use quality seeds for boosting of crops."

This year, officials of the township Agriculture Department organize local farmers to use quality strains of crops and fertilizers and prevent pests to boost per-acre yield of crops.

Moreover, township-level officials provide quality seeds, agricultural inputs and post-harvest technologies to local farmers.

206

# Monywa District plans to grow more than 19,000 acres of Sterculia versicolor


Sterculia versicolor plantation.

**Monywa June 16**

According to Monywa District Agriculture Department, local farmers will grow 19,070 acres of Sterculia versicolor in Monywa District of Sagaing Region this year.

In 2025-26 monsoon, local authorities earmarked cultivation of crops on 237 acres in Monywa Township, 2,595 acres in Budalin Township, 15,683 acres in Ayadaw Township and 555 acres in ChaungU Township, totalling 19,070.

Daw San San Myint, Head of Monywa District Agriculture Department, emphasized: "Local authorities have earmarked cultivation of 19,070 acres of crops this monsoon. So, our department will help local farmers meet the target cultivation. Sterculia versicolor is resilient against water scarcity. It can be planted in all kinds of soils. So, farmers need to expand sown acreage of Sterculia versicolor plantations."

Officials from Agriculture Department urged local farmers to use GAP system without chemical residue. The crops planted in GAP system can get GAP certificate. Due to minimizing chemical residue, the Sterculia versicolor can get firm market demand rather than other species.

The Agriculture Department will cooperate with UMFCCI to expand market shares for Sterculia versicolor. 206

# Sagaing Township completes cultivation of more than 1,000 acres of peanut in monsoon

**Sagaing June 16**

According to Sagaing Township Agriculture Department, local farmers have planted more than 1,000 acres of peanut in Sagaing Township of Sagaing Region this monsoon.

Local authorities earmarked cultivation of 9,427 acres of peanut in Sagaing Township in 2025-26 monsoon season, but local farmers have planted 1,859 acres of peanut.

U Myo Thant Aung, Head of Sagaing Township Agriculture Department unveiled: "Local farmers planted more than 1,000 acres of peanut against the target of over 9,000 acres this year. Our department helps local farmers meet the target cultivation. Sown acreage of peanut is on the rise year by year."

It needs to use 1.5 baskets of peanut seeds per acre in growing peanut and costs more than K200,000 per acre for seeds, labour charge, fertilizers and pesticides but plantations yield more than 50 baskets per acre.

This year, agricultural staff inspected peanut plantations for prevention of pests and thriving of crops, in addition to weeding after conducting the agricultural records.

206


A peanut plantation.

# Kyaunggon Township of Ayeyawady Region supplies 65,000 baskets of Theehtetyin paddy to Yangon market in May

**Kyaunggon June 16**

Merchants from Kyaunggon Township of Ayeyawady Region supplied 65,000 baskets of Theehtetyin paddy to Yangon market in May, said Daw Khin Khin Htay, the owner of rice and paddy trading in Kyaunggon Township.

In April of this year, up to 45,000 baskets of Theehtetyin variety of non-premium paddy were sold from Kyaunggon Township to the Yangon market. It is reported that in May this year, the amount increased to 65,000 baskets of the same paddy variety.

"In the past month alone, up to 65,000 baskets of Theehtetyin paddy have been sold to the Yangon market. Kyaunggon Township mainly exports agricultural produce, including rice, to Yangon. The rice variety called Theehtetyin belongs to the non-premium paddy group. Due to high demand from buyers in Yangon, export volumes have increased. There is currently a strong demand for rice in the local rice market," said Daw Khin Khin Htay, a rice trader from Kyaunggon Township.

It is also learned that the Theehtetyin paddy shipped from Kyaunggon to the Yangon market over the past month is being sold at a price of up to K5.45 million per 100 baskets. As the paddy trade improves, farmers, traders, transport workers, and truck rental business owners are all benefiting from increased job opportunities. Kyaw Kyaw Lin

# World Insights: Military parade amid "No Kings" protests mirrors distortion of U.S. democracy

**New York June 16**

U.S. President Donald Trump on Saturday hosted a military parade in Washington, D.C. to mark the U.S. Army's 250th anniversary, with all-day events and the participation of over 6,000 soldiers, over 120 vehicles as well as a flyover, at the reported cost of around 45 million U.S. dollars.

The parade coincided with the president's 79th birthday and his seizure of control of California's National Guard and deployment of U.S. Marines to quell protests over immigration raids in Los Angeles.

It also happened on the same day when some 2,000 "No Kings" protests were staged nationwide.

Trump is "the driving force behind the parade down Washington's Constitution Avenue, which runs behind the White House, that includes a muscular exhibition of 6,600 soldiers, Abrams tanks, Bradley Fighting Vehicles and a Black Hawk helicopter," Bloomberg News reported about the event, adding that the cost includes potential damage to major District of Columbia streets from heavy tank treads.

The United States last celebrated its military strength in 1991 after the Gulf War. Trump has been eager to host a military parade ever since attending a Bastille Day parade in Paris during his first term in 2017. City officials in Washington then warned that heavy military vehicles could damage city streets, and the price tag became a political liability.

Xinhua

# Israeli strikes kill 244, injure 1,277 in Iran: health ministry

**Tehran June 16**

Iran's Health Ministry spokesman Hossein Kermanpour said on Sunday that 244 people have been killed in Israeli airstrikes on Iran over the past 65 hours.

In a post on the social media platform X, Kermanpour noted that women and children were among the dead, and that 1,277 people had been hospitalized.

He added that that over 90 percent of the casualties were civilians.

Early Friday, Israel launched airstrikes on Tehran and several other cities across Iran, killing a number of the country's top military commanders and nuclear scientists. The strikes continued across various parts of Iran on Saturday and Sunday.

In response, Iran has launched missile attacks on multiple targets in Israel since Friday, causing casualties and significant damage. Xinhua


Israeli security and rescue forces work at the scene of a missile attack from Iran in Bnei Brak, central Israel, on June 16, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက ဂျက်အင်ဂျင်သုံးShahed ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းဗားရှင်းသစ်ကို ထုတ်ဖော်ပြသခဲ့



ရုရှားတပ်မတော်သည် ပြည်တွင်း ကာကွယ်ရေး စက်မှုလုပ်ငန်းစုများမှ တီထွင်ထုတ်လုပ်ထားသော ပြည်တွင်းထုတ် ဂျက်အင်ဂျင်သုံး Shahed ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းဗားရှင်းသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း ရုရှားနိုင်ငံ Telegram ချန်နယ်များမှ ထုတ်လွှင့်ထားရှိမှုများအပေါ် ကိုးကား၍ Defense Mirror သတင်းဌာနက ဇွန် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြည်တွင်းထုတ် Geran-3 ဟု အမည်ပေးထားသည့် အီရန်ဒီဇိုင်း Shahed-238 ဒရုန်းနှင့်ဆင်တူသည့် ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်းတစ်စင်းကို ရုရှားနိုင်ငံ Telegram ချန်နယ်တွင် ထုတ်လွှင့်ထားသည်။ ရုရှားနိုင်ငံ၏ ပြုပြင်မွမ်းမံမှုများတွင် လေဝင်ပေါက်ဒီဇိုင်းနှင့် အင်ဂျင်တို့တွင် မတူကွဲပြားမှုများနှင့် အဆင့်မြှင့်တင်ထားသည်။

ထို့ပြင် ဗားရှင်းသစ်တွင် ဒရုန်း၏ ထိပ်ပိုင်းကို ဒရုန်းပိုမိုတည်ငြိမ်စွာ ပျံသန်းနိုင်ရန်၊ အကြမ်းခံနိုင်ရန်နှင့် ခိုင်မာအားကောင်းစေရန် ဒီဇိုင်းထုတ်ထားသည်။ Geran-3 ကာမီကာဇီတိုက်ခိုက်ရေးဒရုန်း ဗားရှင်းသစ်ကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုထားပြီးဖြစ်ကြောင်း သိရသည်။

ရုရှားတပ်မတော်သည် ၎င်း Geran-3 တိုက်ခိုက်ရေးဒရုန်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် တရားဝင်ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ကြောင်း အခြားသတင်းရင်းမြစ်များအရ သိရသည်။

ရုရှားနိုင်ငံ Telegram သတင်းဌာနများ၏အဆိုအရ Shahed-238 ဒရုန်း၏ အများဆုံး အလျင်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ ထိပျံသန်းတိုက်ပွဲဝင်နိုင်ကြောင်း သိရသော်လည်း နည်းပညာဆိုင်ရာအသေးစိတ်အချက်အလက်များကို မူတရားဝင် ထုတ်ပြန်ထားခြင်း မရှိသေးကြောင်းလည်း သိရသည်။

ရုရှားနိုင်ငံ စစ်ဘက်စက်မှုလုပ်ငန်းကုမ္ပဏီများက အဆိုပါ အီရန်နိုင်ငံထုတ် ကာမီကာဇီဒရုန်းကို ပြည်တွင်းထုတ်လုပ်မှုများ ဆောင်ရွက်နေလျက်ရှိရာ ယခင်ထုတ်လုပ်အသုံးပြုပြီးသော Geran ဒရုန်းကို မတူညီသည့် အင်ဂျင်အမျိုးအစားဖြင့် ဒီဇိုင်းဖွဲ့စည်းပုံဆိုင်ရာ ပိုမိုကောင်းမွန်စေရန် အဆင့်မြှင့်တင်မှုများကို လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။

ရုရှားနိုင်ငံထုတ် Geran-3 ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းသည် ၃ ဒသမ ၅ မီတာ ရှည်လျားကာ တောင်ပံအလျား ၃ မီတာရှိပြီး အမြင့်ဆုံးပျံသန်းမှုအမြင့် ၉ ဒသမ ၁ ကီလိုမီတာရှိသည်။ အဆိုပါဒရုန်းသည် လေထဲတွင် နှစ်နာရီကြာ ပျံသန်းစစ်ဆင်နိုင်ကြောင်း ခန့်မှန်းထားကြပြီး အမြင့်ဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ကီလိုဂရမ် ၃၈၀ ထိ တိုးမြှင့်လာကာ ယခင် Geran-2 ဒရုန်းမော်ဒယ်၏ ပျံတက်နိုင်သည့် အလေးချိန် ကီလိုဂရမ် ၂၅၀ ထက် သိသိသာသာ မြင့်မားလာခဲ့ခြင်းလည်းဖြစ်သည်။

အီရန်ထုတ် Shahed-238 တိုက်ခိုက်ရေးဒရုန်းမှ ဆင်းသက်လာသော ဂျက်အင်ဂျင်သုံး Geran-3 ကာမီကာဇီဒရုန်းကို ရုရှားတပ်မတော်၏ သရုပ်ပြသခြင်းနှင့် ဖြန့်ကြက်အသုံးပြုနိုင်ခဲ့ခြင်းသည် ရုရှားနိုင်ငံ၏ ဒရုန်းစစ်ဆင်ရေးတိုးတက်ဖွံ့ဖြိုးမှုကို သတင်းစကားပေးပို့နေခြင်းလည်းဖြစ်သည်။

အမြန်နှုန်း၊ အကွာအဝေးနှင့် ပိုမိုကောင်းမွန်သော လမ်းညွှန်မှုစနစ်များ ပေါင်းစပ်ထားခြင်းသည် Geran-3 ဒရုန်းကို ပိုမိုကြောက်မက်ဖွယ်ကောင်းသော ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာစေခဲ့သည်။ လက်ရှိ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များကိုရှောင်လွှဲနိုင်ပြီး တာဝေး၌ပင် တန်ဖိုးမြင့်ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်း ရှိမည်ဖြစ်ကြောင်း သိရသည်။

**Russians demonstrate jet version of Shahed kamikaze drone** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်က (M-SHORAD) Increment 3 အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

အမေရိကန်ကြည်းတပ်သည် တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်များအဆင့်မြှင့်တင်ရန် (M-SHORAD) Increment 3 အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဇွန် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပဏာမခြေလှမ်းသည် Middle Tier of Acquisition (MTA) ရွေ့ပြောင်းပုံစံ အလျင်အမြန် တိုးတက်ဖွံ့ဖြိုးရေးကြိုးပမ်းမှုအောက်တွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး FIM-92 Stinger မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်ကို မျိုးဆက်သစ် တာတိုပစ်ကြားဖြတ် တိုက်ခိုက်ရေးဒုံးကျည်(Next Generation Short Range Interceptor -NGSRI)ဖြင့် အစားထိုးရန် ရည်ရွယ်သည်။ NGSRI ဒုံးကျည်သည် လျင်မြန်စွာရွေ့လျားနေသော ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များနှင့် အနိမ့်ပျံလေယာဉ်များ အပါအဝင် ခေတ်မီလေကြောင်း ခြိမ်းခြောက်မှုများအပေါ် တန်ပြန်နိုင်ရန် မြင့်မားကောင်းမွန်သော အကွာအဝေးစွမ်းရည်၊ တိကျမှုနှင့် အဖျက်စွမ်းအားများ အဆင့်မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

Stryker A1 ရှစ်ဘီးတပ် သံချပ်ကာယာဉ်ပေါ် အခြေခံထားသည့် လက်ရှိ အမေရိကန် ကြည်းတပ်၏ M-SHORAD တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးယာဉ်တွင် လက်နက်အပြည့်အစုံ တပ်ဆင်ပေးထားသည်။ ၎င်းတွင် FIM-92 Stinger ဒုံးကျည် လေးစင်း၊ AGM-114L Longbow Hellfire ဒုံးပစ်လောင်ချာ နှစ်ခု၊ 30mm XM914 အော်တိုမက်တစ် အမြောက်တစ်လက်နှင့် 7.62mm M240 စက်သေနတ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ဘက်စုံသုံးရေဒါတစ်ခုနှင့် အနီအောက်ရောင်ခြည်၊ အမြင်အာရုံခံကိရိယာများဖြင့် ၃၆၀ ဒီဂရီပတ်လည် အလိုအလျောက် ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် တိုက်ပွဲဝင်ခြင်းတို့ လုပ်ဆောင်နိုင်သည်။

အမေရိကန် စာရင်းအင်းဦးစီးဌာန (Government Accountability Office) အဆိုအရ M-SHORAD Increment 3 အစီအစဉ်သည် ကနဦးနမူနာပုံစံအဆင့်ကို လျင်မြန်စွာ တိုးတက်ထုတ်လုပ်၍ ဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ခြင်းအဆင့်သို့ ကူးပြောင်းလိမ့်မည်ဟု သိရသည်။

လာမည့် ၂၀၂၈ ခုနှစ်အတွင်း အရေအတွက်နည်းနည်းဖြင့် ကနဦးထုတ်လုပ်မှု လုပ်ဆောင်သွားနိုင်ဖွယ်ရှိနေသည်။ ဤသို့ အချိန်ကာလသတ်မှတ်ထားမှုသည် အနာဂတ်စစ်မြေပြင်တွင် ကြီးထွားလာသော ရှုပ်ထွေးနက်နဲမှုနှင့် ဝေဟင်ခြိမ်းခြောက်မှုမျိုးစုံကို ကိုင်တွယ်ဖြေရှင်းရာတွင် အမေရိကန် တပ်မတော်၏ အရေးတကြီးလိုအပ်



မှုကို ထင်ဟပ်စေလျက်ရှိသည်။

ထို့ပြင် NGSRI ဒုံးကျည်၏ပေါင်းစပ်မှုအဆင့်မြှင့် မီလီမီတာ ၃၀ ခဲယမ်းများနှင့် ၎င်း၏ ဒုံးကျည်ဖွဲ့စည်းပုံတို့ကိုပြန်လည်ဖွဲ့စည်းခြင်းနှင့်အတူ M-SHORAD Inc 3 ပရိုဂရမ်သည် အမေရိကန်တပ်မတော်ကို ခေတ်မီ လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ ဤသို့ဖြင့် အမေရိကန် တပ်မတော်၏ အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေးစွမ်းအားများကို အားဖြည့်ပေးနိုင်မည်ဖြစ်ကာ ခြိမ်းခြောက်မှုမြင့်မားသော ပတ်ဝန်းကျင်များတွင် လှုပ်ရှားတပ်ရင်း၊ ဖွဲ့များအတွက် ပြိုင်ဘက်ကင်းအကာအကွယ်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

တိုက်ပွဲဝင်အသင့် တပ်ဖြန့်မှုဆီသို့ တိုးတက် လုပ်ဆောင်လာသည်နှင့်အမျှ ဤအရေးကြီးသော အဆင့်မြင့်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ ဆက်လက် စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း သိရသည်။

**Exclusive Report: New version of U.S. Army M-SHORAD air defense vehicle to feature next-generation short-range missile** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

## ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခန္တီး ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် စပါး ၈၂၇၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ စပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် စပါးစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဘိုကလေးမြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ



**ဘိုကလေး ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဇွန်လ ဒုတိယပတ်ကစတင်ပြီး ယနေ့ထိ စိုက်ပျိုးရေး ကောက်ရိုးမှိုများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါစိုက်ပျိုးရေး ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၂၅၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးကောက်ရိုးမှိုတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိမှာ စိုက်ပျိုးရေး ကောက်ရိုးမှို တစ်ပိဿာကို ငွေကျပ် ၁၆၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသတွင်းဈေးကွက်မှာကို ကောက်ရိုးမှိုတွေက အဝယ်လိုက်နေတာ ဖြစ်ပါတယ်။ အရောင်းအဝယ် ကောင်းနေပေမဲ့ ကောက်ရိုးမှိုစိုက်သူ နည်းတော့ အထွက် နည်းနေပါတယ်။ ထွက်ရှိလာတဲ့ ကောက်ရိုးမှိုတွေကလဲ အရည်အသွေးကောင်းပါတယ်"ဟု ဘိုကလေးမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးကောက်ရိုးမှိုများကို ကျေးရွာ ၁၃ ရွာမှ တောင်သူများက အများဆုံးစိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် ၁၅ ပေပတ်လည် ပေါင် ၁၅ ပေါင်မှ ပေါင် ၅၀ ထိ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးသည့်နေ့မှ ၁၅ ရက်ကြာလျှင် တစ်ကြိမ် ခူးဆွတ်အိတ်စွပ်ပြီး ရောင်းတန်းဝင်သည်ထိ တစ်ပေါင်လျှင် ကုန်ကျစရိတ်ငွေကျပ် ၄၅၀၀၀ ခန့်ကုန်ကျကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပျော်ဘွယ်မြို့နယ် ဇဂျမ်းတောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပျော်ဘွယ် ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇဂျမ်းတောင်ကျေးရွာအုပ်စု ဇဂျမ်းတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၅ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဇဂျမ်းတောင်ကျေးရွာ၌ ယခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးကာ တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**




## ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ကဝ ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ချေးငွေများဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အစုအဖွဲ့ လေးဖွဲ့မှ နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ အခြေအနေများ၊ လအလိုက်ပေးပို့ရသည့်စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူအစုအဖွဲ့များဖြစ်သော တိုးတက်အောင်အဖွဲ့၊ ကြီးပွားအဖွဲ့၊ ရောင်နီဦးအဖွဲ့နှင့် အားမာန်အဖွဲ့ စုစုပေါင်းအဖွဲ့ လေးဖွဲ့ကို အစုအဖွဲ့တစ်ခုလျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) အရင်းမပျောက်မတည် ရန်ပုံငွေကျပ် ၇၅ သိန်း ထုတ်ချေးထားရှိကြောင်း သိရသည်။

**ချိုလေး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး






**နေပြည်တော် ဇွန် ၁၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၅)တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် မောင်းနှင်လည်ပတ်လျက်ရှိသည့် ကျိုင်းတောင်း ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း စီမံကိန်းရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော စီမံကိန်းပုံစံငယ်၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများနှင့် မြေကြီးကျောက်သားနမူနာများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏သဘာဝအရင်းအမြစ်များရရှိမှုအပေါ် အခြေခံ၍ စီးပွားရေးအရတွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း တည်ဆောက်ပြီးဖြစ်သော ပင်မတမံ၊ပင်မရေပိုလွှဲ၊ရေသွယ်ဥမင်လိုဏ်၊ရေထိန်းတံခါးပြွန်နှင့်တည်ဆောက်ဆဲဖြစ်သော ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် Switchyard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ စက်ရုံရေလွှဲဆည်အတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရာဂိမုန်တိုင်းကြောင့် သဘာဝဘေးရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Weir(3)၊ Trash Rack များ ပြုပြင်တည်ဆောက်ခြင်းနှင့် စက်ရုံရေထုတ်မြောင်းပြုပြင်ထိန်းသိမ်းခြင်း၊ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင်တည်ရှိပြီး ၁၈ မဂ္ဂါဝပ်ဓာတ်အားပေးစက် သုံးလုံးဖြင့် တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိကာ နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၃၇၇ ဒသမ ၆ သန်းထုတ်လုပ်ပေးလျက်ရှိသော တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) စက်ရုံတစ်ရုံဖြစ်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူနာလေးဦးကို ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

**ရန်ကုန် ဇွန် ၁၆**

ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာအဆင့်မီ ခုနစ်ထပ်ဆောင်သစ် သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန(Bone marrow Transplant Center) တွင် မေလအတွင်း၌ ခြင်ဆီကင်ဆာ လူနာသုံးဦးနှင့် သွေးပြန်ရည်ကျိတ်ကင်ဆာလူနာတစ်ဦး စုစုပေါင်းလူနာ လေးဦးကို ခြင်ဆီအစားထိုးကုသခြင်း(Bone marrow Trans-plant)ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူနာ လေးဦးတွင် လူနာ သုံးဦးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းခွင့်ရရှိပြီး ကျန်လူနာ တစ်ဦးမှာလည်း ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း၊ ၎င်းမှာ သွေးပြန်ရည်ကျိတ်ကင်ဆာ (lymphoma) ရောဂါခံစားနေရသူဖြစ်ပြီး အေးခဲခြင်ဆီ (Cryopreservation) ပြုလုပ်၍ ခြင်ဆီအစားထိုးကုသမှု ပထမဆုံးဆောင်ရွက်ခဲ့သည့်လူနာဖြစ်ကြောင်း သိရသည်။

လူနာ လေးဦးမှာ ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးမှ ၄၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ မန္တလေးမြို့မှ ၆၅ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့မှ ၅၇ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်မှ ၁၉ နှစ်အရွယ်အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး အဆိုပါ ခြင်ဆီအစားထိုးကုသခြင်း(Bone marrow Transplant) ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး/ငယ်များ၊ အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်ထိ လေးဦး စုစုပေါင်း ၁၉ ဦးကိုဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများကျန်းမာရေးကုန်ကျစရိတ်သက်သာစေရေးအတွက် ပြည်တွင်း၌ပင် ခြင်ဆီအစားထိုးကုသခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


### ❑ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်မှု

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**မိုးလေဝသနှင့်ဇလဗေဒသွန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၆-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၇-၆-၂၀၂၅ ရက်နေ့မှ ၁၈-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



# ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးJengPhang နော်တောင် တွေ့ဆုံ

ရန်ကုန် ဇွန် ၁၆

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များတွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းအားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိပြည်ထောင်စုခန်းမ၌ ကျင်းပသည်။



တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး JengPhangနော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး JengPhangနော်တောင်က ၃၃ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ရက်ပေါင်း ၁၇၅ ရက်သာလိုသည့်အတွက် အုပ်ချုပ်သူ၊ နည်းပြများနှင့် ပဏာမလက်ရွေးစင် အားကစားသမားများက အောင်မြင်မှုဆုတံဆိပ်များရရှိအောင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီးစွမ်းအားအပြည့်ဖြင့် ကြိုးစားကြရန်လိုကြောင်း၊ ပြိုင်ဘက်နိုင်ငံများမှ မိမိနှင့်ယှဉ်ပြိုင်မည့် အားကစားသမား၏အခြေအနေကို အမြဲလေ့လာသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ စားရိပ်သာတွင် သင်တန်းသား၊ သင်တန်းသူများနှင့်အတူ နေ့လယ်စာအတူ တကွသုံးဆောင်ပြီး သင်တန်းသား၊သင်တန်းသူများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ အားကစားနှင့်ကာယပညာသိပ္ပံဆေးခန်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။


မွန်းလွဲပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ လာမည့်နှစ်များ၌ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းပြိုင်ပွဲများ ပြုလုပ်ရန်ရှိကြောင်း၊ အားကစားအောင်မြင်မှုအတွက် ဆေးပညာရပ်နှင့် စိတ်ပညာရပ်ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံပြီး စိတ်ဓာတ်ကောင်းမွန်သည့် အားကစားသမားများဖြစ်ရန် လိုအပ်ကြောင်း၊ မိသားစုစိတ်ဓာတ်ဖြင့်အပြုသဘောဆောင်ပြီး လုပ်ငန်းတာဝန်များကို တက်ညီလက်ညီစုပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်နပန်းအားကစားလေ့ကျင့်ရေးရုံသို့ ရောက်ရှိပြီး ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန်လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်နပန်းအားကစားသမားများသရုပ်ပြလေ့ကျင့်ကစားနေမှု၊ ကျွမ်းဘားအားကစားရုံ၌ အားကစားနည်းအလိုက် ပဏာမလက်ရွေးစင် ကျွမ်းဘားအားကစားသမားများ လေ့ကျင့်နေမှုတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)









နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုလျက်ရှိသည့် Grade 12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

ရှေ့ဖုံးမှအဆက်

သတ်မှတ်ထားသည့် မြို့နယ်အသီးသီးရှိ စာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ၏ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ပြန်လည်ဖြေဆိုလျက်ရှိကြသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမှုအနေဖြင့် သတ်မှတ်ထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စာစစ်ဌာန ၁၉၅ ခုတွင် လာရောက်ဖြေဆိုသူ ကျောင်းသား၊ကျောင်းသူ ၆၂၈၂၄ ဦးရှိသည့်အတွက် ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(၅၀၁)













တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

**☆ ကျောဖုံးမှအဆက်**

သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော် အခုအမှတ်စဉ်(၁၄)မှာ သင်တန်းတက်ရမယ်ဆိုတော့ အရင်လည်း ကိုယ့်အရှေ့က အမှတ်စဉ်တွေမှာ သင်တန်းတက်ခဲ့ရတဲ့သူတွေကို အားကျလို့ ကျွန်တော်ကိုယ်တိုင် ဒီအမှတ်စဉ်(၁၄)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အခု ပြည်သူ့စစ်မှုထမ်းကို လူငယ်တစ်ယောက်အနေနဲ့ ကျွန်တော်လည်း အသက်ပြည့်ပြီဆိုတဲ့အတွက်ကြောင့် ပြည်သူ့စစ်မှုထမ်းကို ပျော်ပျော်ရွှင်ရွှင်နဲ့ လာတက်ရောက်



တာဖြစ်ပါတယ်။ သင်တန်းတက်ရတာလည်း ပျော်ပါတယ်။ ကျွန်တော့်စိတ်ခံစားချက်ကိုက နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ရမယ်ဆိုတာ သိလို့ပါ။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ ခံစားချက် ကျွန်တော့်ရင်ဘတ်ထဲမှာ ရှိလို့ပါ။ ကျွန်တော်ကတော့ ကျွန်တော်တာဝန်ထမ်းဆောင်ရမယ့် နှစ်နှစ်ကာလကို တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားပါ့မယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။



"ဒီသင်တန်းပြီးသွားရင် ကိုယ်တာဝန်ကျမယ့် တပ်တွေကို ရောက်တဲ့အခါ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းက ကောင်းပါတယ်။ ကောင်းပါတယ်ဆိုတာက နိုင်ငံသားတစ်ယောက်အနေနဲ့ မဖြစ်မနေထမ်းဆောင်ရမှာပေါ့။ အခုလိုရောက်လာခဲ့တဲ့အတွက်လည်း ဝမ်းလည်းဝမ်းနည်းတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ဝမ်းနည်းတယ်ဆိုတာလည်း အိမ်နဲ့ခွဲခွာရတာပေါ့။ ဝမ်းသာတယ်ဆိုတာက ဒီမှာရောက်လာတော့ ကိုယ်ထင်ထားသလိုလည်း မဟုတ်ခဲ့ပါဘူး။ ဒီမှာ အပေါင်းအသင်းတွေက ကိုယ်နဲ့ သေတူယှဉ်ဖက်တွေနဲ့တွေ့တော့ အဲ့လိုမျိုးလည်း တစ်မျိုးလေးဝမ်းသာမိပါတယ်။ အပြင်မှာတုန်းကတော့ ပြောတာပေါ့။ ဒီပြည်သူ့စစ်မှုထမ်းထဲရောက်လို့ရှိရင် နှစ်နှစ်မဟုတ်ဘူးပေါ့။ သူတို့ထားသလောက်နေရမယ်ပေါ့။ အဲ့လိုမျိုးတွေ ပြောကြပါတယ်။ ဒီထဲမှာရောက်တော့ သူတို့ပြောသလိုမဟုတ်ပါဘူး။ တာဝန်ထမ်းဆောင်ပြီး နှစ်နှစ်ပြည့်လို့ရှိရင် မိမိတို့နေရာဒေသအသီးသီးကို ပြန်လို့ရပါတယ်" ဟု ပြောသည်။ (၅၀၁)

# လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ ၁၇၈၂ ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ ၄၉၉၈ ခု စုစုပေါင်း ၆၇၈၀ ဆူထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ် Acc များသို့လည်းကောင်း၊ ဖုန်းနံပါတ်များသို့ဆက်သွယ်၍လည်းကောင်း၊ MMQR ကို Scan ဖတ်၍လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တည်နေရာ | စာရင်းအမည် | စာရင်းအမှတ် |
|---|---|---|---|
| ၁ | ရောဝတီဘဏ်၊နေပြည်တော် | EARTHQUAKE-DAMAGED ANCIENT MONUMENTS RESTORATION FUND | 40037797858 |
| ၂ | A Bank၊နေပြည်တော် | ။ | 0010011000015078 |
| ၃ | UAB bank၊နေပြည်တော် | ။ | 0011060100009592 |
| ၄ | ကမ္ဘောဇဘဏ်၊ရန်ကုန် | ။ | 25651325600598001 |
| ၅ | CB ဘဏ်၊မန္တလေး | ။ | 0202100900023493 |

**ဆက်သွယ်လှူဒါန်းရန်ဖုန်းနံပါတ်များ**

**နေပြည်တော်**
- နေပြည်တော်သာသနာရေးမှူးရုံး ၀၆၇၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉
- ဒေါ်နီလာအေး ဒုတိယညွှန်ကြားရေးမှူး ၀၉၄၂၀၇၁၄၇၆၀

**ရန်ကုန်တိုင်းဒေသကြီး**
- ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဦးဇော်ဦး ညွှန်ကြားရေးမှူး ၀၉၂၀၃၈၅၆၃
- ဒေါက်တာဝတ်ရည်ဝင်းသန့် ဒုတိယညွှန်ကြားရေးမှူး ၀၉၅၁၉၄၀၈၂

**မန္တလေးတိုင်းဒေသကြီး**
- မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဦးဖြိုးဇော်ဇော် ညွှန်ကြားရေးမှူး ၀၉၄၂၁၂၂၂၅၁
- ဒေါ်မျိုးမျိုးပပကျော် လက်ထောက်ညွှန်ကြားရေးမှူး ၀၉၄၂၀၇၀၀၇၉၀

**စစ်ကိုင်းတိုင်းဒေသကြီး**
- ဦးလှမင်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅
- စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဦးဖြိုးနောင် လက်ထောက်ညွှန်ကြားရေးမှူး ၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁

**ပဲခူးတိုင်းဒေသကြီး**
- ဦးစိုးမိုးကျော် ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ၀၉၂၅၉၂၀၉၄၄၈
- ဦးထွန်းထွန်းလွင် ဒုတိယညွှန်ကြားရေးမှူး ၀၉၄၃၀၁၉၁၆၈

**ရှမ်းပြည်နယ်**
- ဦးသိန်းဌေး ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်သာသနာရေးမှူးရုံး ၀၉၄၂၀၇၃၀၈၃၉
- ဒေါ်ခက်ခက်လှ ဒုတိယညွှန်ကြားရေးမှူး ၀၉၄၃၀၄၁၃၀၇




# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် မန္တလေးမြို့ နန်းမြို့အတွင်းရှိ နန်းမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဂန္ဓကုဋီတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်စေတီနှင့် မဟာစေတီတို့တွင် ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများအား ဘက်စုံပြန်လည်ပြုပြင်ရေးအခြေအနေများ၊ သကျသီတာ သီလရှင်စာသင်တိုက်နှင့် ရွှေစေတီပရိယတ္တိစာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဆောက်အအုံအပြိုအပျက်ကြားမှ ဆယ်တင်ရရှိသည့်ရိက္ခာဆန်များကို အမိုးအကာအောက်ရောက်ရှိအောင် ရွှေ့ပြောင်းနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့် လူနေအဆောက်အအုံများကို လူအင်အားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်သင့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများနှင့် တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသောသောက်သုံးရေများ ပေးဝေနိုင်ရေးနှင့် ပြည်သူများသောက်သုံးရေ ပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် မန္တလေးမြို့ နန်းမြို့အတွင်းရှိ နန်းမြို့ဆုတောင်းပြည့်ဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နန်းမြို့ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဂန္ဓကုဋီတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်တွင် ရင်ပြင်တော် ပြန်လည်ပြုပြင် တည်ဆောက်နေမှုများကိုလည်းကောင်း၊ ဂန္ဓကုဋီတိုက်ရှိ အမိုး၊ တိုင်၊ ခုံးနေရာများအား ရှေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဓာတ်လှေကားနှင့် စက်လှေကားများအား အမြန်ဆုံးပြန်လည်ပြုပြင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြွေကြီးနှစ်ကောင်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြေသားထိန်းနံရံအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ တောင်ဘက်စောင်းတန်းရှိ ရှင်အရဟံသိမ်ဘုရား၊ စန္ဒာမုခိဆုတောင်းပြည့်ဘုရားများအား ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှင်းလင်းရန်ကျန် (A) ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ၊ ထုတ်ပေးရေးအဖွဲ့ယာယီရုံးတွင် ရှာဖွေတွေ့ရှိသောပစ္စည်းများအား စနစ်တကျထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာပိုင်ရှင်အသီးသီးထံ စနစ်တကျ လွှဲပြောင်းပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ အသောကာရာမကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် Sky Villa တွင် ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ ယနေ့ထိ အပျက်အစီးများဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော ငွေစက္ကူကျပ် ၉၁၆၇၄၄၇၀၀ (ကျပ်ပေါင်း ကိုးထောင့်တစ်ရာခြောက်ဆယ်ခုနစ်သိန်းလေးသောင်းလေးထောင်ခုနစ်ရာ) ရွှေသားအလေးချိန် ၄ ပိဿာ ၁ ကျပ်သား၊ ရွှေထည်ပစ္စည်းနှင့် အခြားလက်ဝတ်ရတနာများကို ပိုင်ရှင်များထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တမ္ဗဝတီကျောင်းတိုက်၊ အောင်မြေကျောင်း၊ ပိဋကတ်တိုက်နှင့် အသောကာရာမ ကျောင်းတိုက်အတွင်းရှိ ကျီးသဲရွှေတောင်ကျောင်းနှင့် ကြာငါးခိုင်ရတနာကျောင်းတို့တွင် တပ်မတော်သားစစ်သည်များက အပျက်အစီးများအား အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၁၆ ရက်ထိ သေဆုံးသူ ၃၇၅၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၃ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၃ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **ကိုဗစ်- ၁၉ ရောဂါမှ**

စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန

# စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက် ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံပြန်လည်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဩဝါဒခံယူ

**နေပြည်တော် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းကိစ္စများ ရှင်းလင်းလျှောက်ထားခြင်းနှင့် ဩဝါဒခံယူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဩဝါဒါစရိယ ဆရာတော်များထံမှ ပရိတ်တရားတော်များနာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက Power Point ဖြင့် ရှင်းလင်းလျှောက်ထားကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား စက်ယန္တရားကြီးဖြင့် မြေသို့ပင့်ဆောင်နေမှုကို ကြည့်ရှု၍ စိန်ဖူးတော်ကြီးအား သီတဂူဆရာတော်ကြီးနှင့် ဩဝါဒါစရိယဆရာတော်ကြီးများထံသို့ ဆက်ကပ်ပြီး ငှက်မြတ်နားတော်တွင်ပါရှိသော ရတနာပစ္စည်းများကို တာဝန်ရှိသူများထံ စနစ်တကျထိန်းသိမ်းထားရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဒုဝ၁)



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သောဠသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



**နေပြည်တော် ဇွန် ၁၆**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးနှင့်အရာရှိ၊စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး ဧရာဝတီရေတပ်စခန်းဌာနချုပ် အသင်းကို တံခွန်စိုက် ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တံခွန်စိုက်ဒိုင်းဆုရရှိသည့် ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးကလည်းကောင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက်ဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြေးခုန်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက်ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၁၅ ရက်မှ ယနေ့ထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဒုဝ၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၁၆**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇွန် ၉ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဒုဝ၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။




# ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုအထိမ်းအမှတ် Block of Stamp အထူးထုတ်တံဆိပ်ခေါင်းသစ်တစ်မျိုး ထုတ်ဝေမည်

**နေပြည်တော် ဇွန် ၁၆**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထား မှတ်သားနိုင်စေရန် ထုတ်ဝေခဲ့သောတံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုအထိမ်းအမှတ် Block of Stamp အထူးထုတ်၂၄၀၀ ကျပ်တန် (၂၀၀x၁၂) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ဇွန် ၂၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက် သောကြာနေ့ နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇွန် ၂၀ ရက် သောကြာနေ့တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါ လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အချက်အလက် အထောက်အထား စာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Counsellor Mr.Muhammad Asif နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၃၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ဦးရေ ၈၇၇၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ်ဂ)

# မင်္ဂလာတောင်ညွန့်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့တွင် သတင်းအရ မောင်အောင်သန်း(ခ) ကျော်သန်း၊ မောင်ကျော်နိုင်နှင့် သန်းလွင်တို့သုံးဦး သယ်ဆောင်လာသည့် စက္ကူချပ်ဖာပုံးကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ရွှေပြည်သာမြို့နယ် (၂၀)ရပ်ကွက် မြောင်းမြ(၆)လမ်းရှိ ကျော်နိုင်၏နေအိမ်ကို ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ဆက်လက်ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅ သိန်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့သုံးဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (မဝ်ဂ)



ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

**၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

**ရန်ကုန် ဇွန် ၁၆**

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ပညာရေးဝန်ထမ်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ၁၈-၆ -၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ်ဖြေဆိုခွင့်ကို ဖိအားများနှင့်ဖြတ်သန်းခဲ့ရသော ညောင်ဦးမြို့မှ ကျောင်းသား၊ ကျောင်းသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ထူးခြားသည့် နေ့အပူချိန်များ

(၁၆- ၆ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ૨ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |

အောင်ကြည်ညွန့်(တက္ကသိုလ်)

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေး

ကျောင်းစာကြည့်တိုက်သည် ကျောင်းပညာရေးအတွက် ပဓာနကျသော အစိတ်အပိုင်းဖြစ်သည်ဟူသောအဆိုမှာ စာရေးဆရာကြီး စာကြည့်တိုက်ပညာရှင် ဆရာတိုက်စိုး၏ အဆိုအမိန့် ဖြစ်ပါသည်။ (၂၀၀၀-ဧပြီ ပညာတန်ဆောင်)

ယနေ့ကာလတွင် ကျောင်းစာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျောင်းစာကြည့်တိုက်တွင် သူငယ်တန်းမှ အခြေခံပညာအထက်တန်းအထိ

(က) စာသင်သားအရွယ်အလိုက်၊ ဖတ်ရှုလေ့လာရန်ရုပ်ပြဇာတ်လမ်းစာ၊ အပိုဖတ်စာ၊ သမိုင်းပုံပြင်စာ၊ သိပ္ပံရေးရာစာ၊ အကျိုးဝင်သော သုတ၊ ရသစာများ ရှိရမည်ဖြစ်သည်။

(ခ) ဘာသာစကား အဘိဓာန်၊ စွယ်စုံကျမ်း၊ စာကိုးစကားကိုးကျမ်း၊ မြို့ရွာလမ်းညွှန်စာရင်းဇယား၊ အတ္ထုပ္ပတ္တိ၊ အဘိဓာန်မြေပုံကားချပ်စသော အကြောင်းအချက်ကို လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် ရှာနိုင်သော ရည်ညွှန်းစာများ ရှိရမည်ဖြစ်သည်။

(ဂ) ဆီလျော်ရာ၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်စာစောင်များ ရှိရမည်ဖြစ်သည်။

(ဃ) ဗီဒီယို၊ ရုပ်မြင်သံကြားပြကွက်၊ ပြဇာတ်ရှိရ မည်ဖြစ်သည်ဟူ၍ ဆရာကလမ်းညွှန်ထားပါသည်။

ဤသို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအတန်းပိုင်ဆရာ၊ ဆရာမများက ကျောင်းအုပ်ကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်ကာ လုပ်ငန်းအတွက် အတန်းပိုင်ဆရာက ဦးစီးရမည်။ ကျောင်းသား၊ ကျောင်းသူများကို သုတ၊ ရသစာအုပ်များ ဖတ်ကျင့်ရှိစေရန် စာဖတ်ဝါသနာပါစေရန် ပျိုးထောင်ပေးရမည်ဖြစ်သည်။ ဤသို့အားထုတ်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်၊ နှလုံးရည်၊ လက်ရုံးရည် စသောအရည်အသွေးသုံးခုနှင့် ပြည့်စုံစေမည်ဖြစ်သည်။

ကျောင်းများနှင့် စာကြည့်တိုက် သူတို့အမြင်ကဏ္ဍတွင် စာရေးဆရာကြီးမောင်စွမ်းရည်က "စာသင်ကျောင်းတွေမှာကျောင်းဆရာတွေက အရေးကြီးမှန်းလူတိုင်းသိတယ်။ ဒါပေမဲ့ ကျောင်းဆရာအပြင် စာကြည့်တိုက်နဲ့ သိပ္ပံလက်တွေ့ခန်းတွေဟာလဲ ဆရာတွေနဲ့တန်းတူ အရေးကြီးတယ်ဆိုတာ ဆရာတွေကိုယ်တိုင်ကသိပ်မသိကြဘူး။ ကျောင်းစာကြည့်တိုက်က ပိုအရေးကြီးတယ်။ ကလေးတွေနဲ့သင့်တော်တဲ့ စာအုပ်တွေဝယ်ပေးရမယ်။ ထုတ်ဝေပေးကြရမယ်။ ဒါပေမဲ့လဲ မိဘတစ်ဦးက စာအုပ်များများ စားစားဝယ်မပေးနိုင်ဘူး။ ဒီကိစ္စကို ကျောင်းစာကြည့်တိုက်တွေကပဲ ဖြေရှင်းပေးနိုင်မှာဖြစ်တယ်။ ပညာရေး တိုးတက်လာကာ တိုင်းပြည်လဲပိုပြီး တိုးတက်လာမယ်။ အဲဒီလို ယုံကြည်တယ်"ဟု ဆိုပါသည်။

ကျောင်းတိုင်းတွင် အတန်းအလိုက် စာဖတ်ခန်း Classroom Library ထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း တန်းစဉ်စာဖတ်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ၏အသက်အရွယ်အသိဉာဏ်အတန်းအလိုက် စိတ်ဝင်စားဖွယ် စာနယ်ဇင်း၊ ကလေးဝတ္ထု၊ ကဗျာ၊ ကာတွန်း၊ ပုံပြင်၊ ဇာတ်လမ်း စသည်များထားရှိရန်လိုအပ်သည်။ တန်းစဉ်အလိုက် စာဖတ်ခန်းတွင် ကလေးသူငယ်များ စိတ်ကြိုက်လွယ်လင့်တကူ ရွေးချယ်ဖတ်ရှုနိုင်ရန် အခွင့်အရေးများ လွတ်လွတ်လပ်လပ်ပေးထားပြီး ပရိဘောဂများ၊ ထိုင်ခုံများ၊ စာအုပ်စင်များ၊ စာဖတ်ခုံများထားရှိရမည်ဖြစ်သည်။

> **❖ စာပေလုပ်ငန်း၊ စာဖတ်ရှုန် မြှင့်တင်ရေးလုပ်ငန်း၊ ဖတ်ဆရာ စာအုပ်စာစောင်ရရှိရေးလုပ်ငန်းနှင့် စာဖတ်ဝိုင်း ထူထောင်ရေး၊ စာဖတ်ခန်းဖန်တီးရေးစသည်တို့မှာ အခြေခံကျောင်းများအတွက် ခက်ခဲမှုမရှိဘဲ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါလျှင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးသည် လက်တစ်ကမ်းတွင် ရှိနေမည်ဖြစ်သည်။ ပညာရေးကဏ္ဍတွင်ဖြစ်သော မိဘ၊ ဆရာ၊ ကျောင်းသားအင်အားသည် အလွန်အရေးပါသည်။❖**

ယခုခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ကလေးများအတွက် သီချင်းဆိုရန်၊ ဂီတဖွင့်လှစ်ပေးရန်၊ ရုပ်မြင်သံကြားကြည့်ရှုရန် ဗီဒီယိုကြည့်ရှုရန် စီစဉ်ပေးထားခြင်းအားဖြင့် စာဖတ်ခန်းအတွင်း ပျော်ရွှင်မှုကို ဖန်တီးပေးထားနိုင်သည်။

ဆရာတိုက်စိုး၊ ဆရာမောင်စွမ်းရည်တို့ အကြံပေးသကဲ့သို့ ကျောင်းများတွင် စာကြည့်ခန်း၊ စာဖတ်ခန်း၊ စာကြည့်တိုက်များ စနစ်တကျ ထူထောင်ဖွင့်လှစ်ထားသင့်သည်။ ကလေးသူငယ်တို့ ပညာရည်၊ နှလုံးရည်၊ လက်ရုံးရည်ဖွံ့ဖြိုးစေရန်အတွက် ကလေးသူငယ်များကြားတွင် စာဖတ်ဝါသနာကို ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

ယနေ့အချိန်တွင် နိုင်ငံတော်က စာမတတ်သူပပျောက်ရေးစီမံကိန်းပြီးသည့်နောက် စာမဖတ်သူပပျောက်ရေးအစီစဉ်တွင် ပြည်သူလူထုကြား စာဖတ်ရှုန်မြှင့်တင်ရေးကို နိုင်ငံတော်စီမံကိန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြည်သူလူထု စာဖတ်ရှုန်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာကြည့်တိုက်များဖွင့်လှစ်ခြင်း၊ စာအုပ်များလှူဒါန်းခြင်း၊ စာပေမြတ်နိုးသူများအဖွဲ့ ဖွဲ့ပေးခြင်း၊ စာဖတ်ဝိုင်းများပြုလုပ်ခြင်း၊ Talk Show များပြုလုပ်ခြင်းစသည်ဖြင့် အင်နှင့် အားနှင့်ဆောင်ရွက်လျက်ရှိပါသည်။

သို့တစေ စာပေလုပ်ငန်း၊ စာဖတ်ရှုန်မြှင့်တင်ရေးလုပ်ငန်း၊ ဖတ်ဆရာ စာအုပ်စာစောင်ရရှိရေးလုပ်ငန်းနှင့် စာဖတ်ဝိုင်းထူထောင်ရေး၊ စာဖတ်ခန်းဖန်တီးရေးစသည်တို့မှာ အခြေခံကျောင်းများအတွက် ခက်ခဲမှုမရှိဘဲ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါလျှင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးသည် လက်တစ်ကမ်းတွင် ရှိနေမည်ဖြစ်သည်။

ပညာရေးကဏ္ဍတွင်ဖြစ်သော မိဘ၊ ဆရာ၊ ကျောင်းသားအင်အားသည် အလွန်အရေးပါသည်။ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သောအလေ့အကျင့်ရှိစေရန် စာပေကိုမြတ်နိုးတန်ဖိုးထားတတ်အောင် အလေ့အကျင့်ကောင်းများရရှိစေရန် အိမ်တွင် မိဘ၊ ဆွေမျိုးသားချင်းများ လေ့ကျင့်စည်းရုံးပျိုးထောင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ကျောင်းတွင် ဆရာ၊ ဆရာမများက စည်းရုံးပျိုးထောင်ပေးမည်ဆိုလျှင် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေး၊ စာဖတ်ဝါသနာဖွံ့ဖြိုးရေးတို့တွင်အောင်မြင်မည်ဖြစ်သည်။

(၂၀၂၃-၂၀၂၄) တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများမှာ-

| | | |
|---|---|---|
| မူလတန်းကျောင်းအဆင့် | - | ၂၃၆၅၅ |
| အလယ်တန်းကျောင်းအဆင့် | - | ၇၇၂၉ |
| အထက်တန်းကျောင်းအဆင့် | - | ၃၉၃၈ |
| အထက်တန်းကျောင်းအဆင့် | - | ၃၁၃၂ |
| အထက်တန်းကျောင်း(ထခွဲ) | - | ၃၃၃၆ |

စုစုပေါင်း၄၁၇၉၀ ကျောင်း ရှိခဲ့သည်။

ဤကဲ့သို့ များပြားသော ကျောင်းအရေအတွက်၊ အခြေခံပညာကျောင်းသားဦးရေတို့သည် များပြားသဖြင့် ကြိုးပမ်းနိုင်သလောက် ထွန်းပေါက်အောင်မြင်မည်ဖြစ်ပါသည်။

အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးရေးစီမံချက်များချမှတ်ကာ စနစ်တကျလုပ်ဆောင်လျက်ရှိသည်။

ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးမှုတိုးတက်ရေးအတွက် မြို့နယ်တွင်းရှိ အခြေခံကျောင်းများ မြို့နယ်အလိုက်၊ အုပ်စုအလိုက် လုပ်ငန်းစွမ်းဆောင်ရည်ဆုပြိုင်ပွဲများပြုလုပ်ပေးနိုင်ပါကလည်း ကျောင်းစာကြည့်တိုက်လုပ်ငန်းများ တစ်ဖက်တစ်လမ်းမှ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

"တကယ်လုပ်လျှင် အဟုတ်ဖြစ်ရမည်" ဆိုသောဆိုရိုးစကားရှိပါသည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကျောင်းစာကြည့်ခန်း၊ စာဖတ်ခန်းများ ထူထောင်နိုင်ရေး ဦးဆောင်လမ်းညွှန်မှုများပေးခြင်းအားဖြင့်လည်း ကျောင်းများကို လုပ်ခွင့်၊ ကိုင်ခွင့်၊ ဆောင်ရွက်ခွင့်များ ပိုမိုတိုးတက်ရရှိစေနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ညွှန်ကြားခြင်းဖြင့်လည်း လုပ်ငန်းများ မြန်မြန်ဆန်ဆန် အောင်မြင်နိုင်ပါသည်။

ကျောင်းများတွင် အတန်းအလိုက်၊ အခန်းအလိုက် စာဖတ်အသင်းများ၊ ကဗျာရွတ်ဆိုအသင်းများကို ဖွဲ့စည်းပေးခြင်းဖြင့်ကျောင်းသားလူငယ်ဘဝကပင် စုပေါင်းလုပ်ဆောင်တတ်သည့် အသင်းအဖွဲ့စိတ်ဓာတ်ကို ရရှိစေမည်ဖြစ်ပါသည်။ စာဖတ်ခြင်း၊ ကဗျာရွတ်ခြင်း၊ စင်မြင့်တွင်စကားပြောရဲခြင်း၊ ပုံပြင်ဖတ်ခြင်း စသည့်အလေ့အကျင့်ကောင်းများကြောင့် ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်အခါကပင် လုပ်တတ်၊ ကိုင်တတ်၊ ပြောဆိုတတ်သော အလေ့အကျင့်ကောင်းများ ရရှိသွားမည်ဖြစ်ပါသည်။

ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစာသင်ခန်းတွင် မည်သည့်သင်ခန်းစာကိုပင်သင်သည်ဖြစ်စေ စာဖတ်ခြင်း၏ ကောင်းကျိုးများကို အမြဲမပြတ် အထပ်ထပ် အခါခါ သွန်သင်ဆုံးမ ပြောပြပေးရန်လည်း အထူးလိုအပ်ပါသည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်စေရန် အမျိုးသားပညာရေးအစ စာသင်ကျောင်းက အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသောဆောင်ပုဒ်များအတိုင်း အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် အမျိုးသားစာဖတ်ရေးအစ ကျောင်းစာကြည့်တိုက်ကဟုပင် ဆိုလိုက်ချင်ပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**



ဝတ္ထုတိုကလျာ

# ခွဲခွာခြင်း

မေသင်းလှိုင်(ရွှေဘို)

(၁)

ကိုညီနှင့် ဝိုင်းတို့သည် တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ကြသော ဇနီးမောင်နှံများဖြစ်ကြသည်။ ကိုညီက ရန်ကုန်ကဖြစ်ပြီး ဝိုင်းကတော့ သာစည်မြို့က ရုံးဝန်ထမ်းတစ်ဦးဖြစ်သည်။

ယခုခေတ် Facebook ဆိုသည့် ဆိုရှယ်မီဒီယာကြောင့် တွေ့ဆုံခဲ့ကြသည့် သမီးရည်းစား စုံတွဲများထဲတွင် ကိုညီနှင့် ဝိုင်းတို့လည်း ပါဝင်ခဲ့ကြသည်။

ဆုံစည်းခဲ့ကြပြီး ကာလအတန်ကြာလာတော့ တစ်ဦးနှင့်တစ်ဦး အပြင်တွင် တွေ့ဆုံချင်ကြသည်မို့ ရုံးပိတ်ရက်ရှည်ဖြစ်သည့် သင်္ကြန်ရုံးပိတ်ရက်တွင် ပုဂံသို့ဘုရားဖူးထွက်ရန် အိမ်ကမိဘများကို ခွင့်တောင်းပြီး သူငယ်ချင်းများနှင့်အတူ ပုဂံသို့ခရီးထွက်ခဲ့ကြသည်။

ကိုညီကလည်း ရန်ကုန်မှ လာရောက်တွေ့ဆုံခဲ့သည်။ နှစ်ဦးသားက ရှေးဘုရားစေတီများကြောင့် ယခုကဲ့သို့ အပြင်၌ဆုံတွေ့ခဲ့ကြသည်တွင် တစ်ဦးနှင့်တစ်ဦး မခွဲနိုင်မခွာရက် အချစ်ကြီးချစ်ခဲ့ကြသည်။

ပုဂံတွင်ဘုရားဖူးကာ သစ္စာဆိုခဲ့ကြသည့်အပြင် သမီးရည်းစားဘဝတွင်ရော လင်မယားဘဝရောက်သည့်တိုင် ခွဲခွာခြင်းဆိုသည့်စကားကို မည်သူကမျှ မပြောမိကြရန် ကတိပေးခဲ့ကြသည်။

ကိုညီကို ဝိုင်းက စိတ်ကူးထဲတွင် အကြိမ်ကြိမ်ခေါ်ခဲ့သည့် မောင်ဆိုသော နာမ်စားလေးခေါ်ခဲ့ပြီး ကိုညီကတော့ ဝိုင်းကို ချစ်လေးဟု အမြတ်တနိုးခေါ်ခဲ့သည်။

ပုဂံမှပြန်ရောက်ပြီး တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်မပြတ်ရှိကြသော်လည်း နှစ်ဦးသား အိမ်ထောင်တစ်ခုထူထောင်ရန် အသက်အရွယ်အရရော၊ ကိုယ်စီအလုပ်များ ရှိနေကြပြီဖြစ်သောကြောင့် နှစ်ဖက်မိဘများကို ဖွင့်ပြောပြီး မိဘများ၏ ခွင့်ပြုချက်အရ ဝိုင်းတို့မိဘများထံ လာရောက်တောင်းခဲ့ကြသည်။ သို့သော် ကိုညီ၏ ဖခင်ကြီး ရုတ်တရက် နှလုံးဖောက်ကာ ဆုံးပါးသွားခဲ့သောကြောင့် သူတို့မင်္ဂလာပွဲကို ခြောက်လနောက်ဆုတ်ခဲ့ရသည်။

သီတင်းကျွတ်ကာလရောက်မှ ဝိုင်းတို့မြို့တွင် မင်္ဂလာပွဲကို ဆင်နွဲကျင်းပခဲ့ကြသည်။ ဟန်နီးမွန်းခရီးကိုလည်း သမီးရည်းစားဘဝက သွားခဲ့ကြသည့် ပုဂံသို့သွားကြပြီး နှစ်ဦးသား မခွဲမခွာ သက်ဆုံးတိုင် ပေါင်းဖက်ရန် ဆုတောင်းခဲ့ကြသည်။

ဝိုင်းသည် မိဘများက မခွဲနိုင်အောင်ချစ်ရသည့် တစ်ဦးတည်းသော သမီးကလေးဖြစ်သည်က တစ်ကြောင်း၊ ကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်ရာထူးဖြင့် လုပ်ကိုင်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်သည်က တစ်ကြောင်းတို့ကြောင့် ကိုညီနေသည့် ရန်ကုန်သို့လိုက်မသွားဘဲ ကိုညီကိုသာ ဝိုင်းတို့မြို့တွင် နေရန်ခေါ်ခဲ့ရသည်။

ကိုညီက ရန်ကုန်တွင် ကိုယ်ပိုင်တက္ကစီကားမောင်းသူတစ်ဦးဖြစ်သည်။ ဝိုင်းတို့ သာစည်မြို့ရောက်တော့ တက္ကစီကားမောင်းရန်မဖြစ်သောကြောင့် ဝိုင်း၏မိဘများက ကုန်တင်ကားတစ်စီးကို ဝယ်ပေးခဲ့ပြီး သာစည်မြို့နှင့် မန္တလေးမြို့တို့ကို ခေါက်တုံ့ခေါက်ပြန်ကုန်ကားဆွဲစေခဲ့သည်။

(၂)

"မောင်ရေ မောင်ခရီးထွက်သွားတဲ့ ရက်တွေဆို ချစ်လေးတအားပျင်းတာပဲ။ ရုံးရောက်လို့ အလုပ်လုပ်နေရင်တော်သေးတယ်။ အိမ်ရောက်လို့ မောင့်ကို မတွေ့ရရင်သတိရနေကော"

"မောင်လဲ ဒီလိုပဲ ချစ်လေးရေ၊ ကားမောင်းနေတဲ့ အချိန်ဆို ကားကိုသာတိထားမောင်းနေတဲ့ အချိန်မို့ တော်သေးတယ်။ အားတဲ့အချိန်ဆို ချစ်လေးကို သတိရနေတာပါ"

"မောင်တို့ အိမ်ထောင်ကျတာ ခြောက်လကျော်ပြီနော်။ မောင်တို့ရင်သွေးလေးရလာရင် သိပ်ကောင်းမှာပဲ။ ချစ်လေးလဲ မောင်ခရီးသွားနေရင် မပျင်းရတော့ဘူးပေါ့"

"ဟုတ်တယ် မောင်ရယ်။ အဖေတို့ အမေတို့က လဲ မြေးချီချင်နေပြီပြောနေကြတာ။ ချစ်လေးတို့က ငယ်သေးတာပဲ သားသား မီးမီးတို့ ရောက်လာမှာပါနော်"

"ဒါပေါ့ ချစ်လေးရယ်"

ဝိုင်းတို့မိသားစုမျှော်နေကြသည့် ရင်သွေးလေး မကြာခင်မှာ ရောက်လာ၍ အားလုံးဝမ်းသာကြရသည်။ ဝိုင်းအဖို့မှာလည်း ကိုညီခရီးထွက်နေချိန်ဆို အလွမ်းပြေသားလေးရှိနေပြီမို့ မပျင်းအားတော့ပေ။ ဝိုင်းအလုပ်သွားချိန်ဆို ဝိုင်းမိဘများက ကလေးထိန်းပေးသည်မို့ ဝိုင်းတစ်ယောက်ရုံးအလုပ်ကို စိတ်ဖြောင့်ဖြောင့်နှင့် လုပ်နိုင်ခဲ့သည်။

သည်လိုနှင့် သားလေး သုံးနှစ်သား ရောက်လာချိန်မှာ ဝိုင်း ကျန်းမာရေးဖောက်လာခဲ့သည်။ ပထမတော့ အစာမကြေသလိုဖြစ်နေသည်ထင်ပြီး ဆေးမြီးတိုသောက်လိုက်၊ ဆေးသောက်လိုက် ပျောက်လိုက်နှင့် နောက်တော့ လက်တွင်အညိုအမည်းကွက်များ ပေါ်လာသည်ကို မြင်တွေ့ရတော့မှ ကိုညီက အတင်းဆေးခန်းခေါ်သွားပြီး ဆေးစစ်ဆေးကုလိုက်ချိန်တွင် ဝိုင်းမှာ ကျောက်ကပ်ရောဂါအဆင့် (၅) ကိုရောက်နေပြီး ကျောက်ကပ်ရောဂါအထူးကုဆရာဝန်ကြီးများရှိရာ မန္တလေးမြို့သို့ သွားရောက်ပြသခိုင်းသောကြောင့် ကိုညီတို့လင်မယား မန္တလေးမြို့ရှိ အထူးကုဆေးရုံကြီးကို ရောက်ခဲ့သည်။

မန္တလေးမြို့သို့ရောက်ချိန်တွင် ဝိုင်းမျက်နှာ ခြေဖမိုး၊ လက်တို့ ရောင်နေသည်မို့ ဆရာဝန်ကြီးက ကျောက်ကပ်ဆေးရန် ဆေးရုံတက်ခိုင်းလိုက်သည်။

"မောင်ရေ ဝိုင်းကိုယ်ထဲက ကိုက်ခဲနေတာပဲကွယ်"

"ခဏပါဝိုင်းရယ် ကျောက်ကပ်ဆေးလိုက်ရင် ပျောက်သွားမှာပါနော်"

"အခုလဲ သုံးရက်တစ်ကြိမ်လောက် ဆေးနေရတာပဲ။ ဆေးပြီးရင်တော့ အဲဒီနေ့ဆို နေလို့ကောင်းတယ်။ အသက်ရှူလို့ကောင်းတယ်။ နောက်နှစ်ရက်နေရင်ပြန်ကိုက်ခဲလာတော့တာပဲ မောင်ရယ်"

"မောင်လဲ ချစ်လေးနဲ့ဆေးရုံလိုက်နေရလို့ ကားမောင်းလဲ မထွက်ရဘူးနော်"

"ကားမမောင်းရတာ အရေးမကြီးပါဘူး။ ချစ်လေးသက်သာပြီး နေကောင်းဖို့က အရေးကြီးတာပါကွယ်"

"ချစ်လေးလေ သားလေးကိုတအားလွမ်းတာပဲ။ သတိရတယ် ။ သားလေးက အဖေ၊ အမေ အနားမှာ မရှိပေမဲ့ အဘိုးအဘွားတွေနဲ့ နေရှာတာပဲနော်"

"သားလေးက သိပ်သိတတ်တာ"

"ချစ်လေးရောဂါက ပျောက်မယ်မထင်ပါဘူး။ မောင်ရယ်။ အဲဒါထက် သားလေးကို သတိရတာက ပိုဆိုးတဲ့ဝေဒနာဖြစ်နေတယ်။ ဆရာဝန်ကြီးကိုပြောပြီး ဆေးရုံက ဆင်းရအောင်နော်"

"ချစ်လေး သဘောပါကွာ"

သည်လိုနှင့် ဝိုင်းတို့လင်မယား ဆရာဝန်ကြီးကို ပြောပြတောင်းပန်ပြီး ဆေးရုံကဆင်းခဲ့ကြသည်။ ဆရာဝန်ကြီးကတော့ ကျောက်ကပ်မဆေးတော့လျှင် နာကျင်ကိုက်ခဲသည့်ဝေဒနာ ပိုဆိုးမလာအောင် သောက်ဆေးများပေးလိုက်သည်။

(၃)

ဝိုင်းအဖို့တော့ အိမ်ပြန်ရောက်သည့်အခါ သူချစ်ရသော မိဘ၊ ဆွေမျိုးများနှင့်အတူ အလွမ်းကြီးလွမ်း၊ သတိရနေရသော သားလေးနှင့်တွေ့လိုက်ရတော့ ခံစားနေရသည့်ဝေဒနာပင် ပျောက်သွားသလို ဖြစ်ခဲ့ရသည်။

သို့သော် ဝိုင်းရောဂါကအဆိုးဆုံးအဆင့်ကိုရောက်နေပြီမို့ ညဘက်များတွင် ကိုက်ခဲနာကျင်ပြီး အိပ်၍မရဘဲ မျက်စိကြောင်ကာ မိုးလင်းခဲ့ရသည့်နေ့များ ဆက်လာခဲ့သည်။ အိပ်မပျော်သည့် ညများတွင် မောင်နှင့်အတူ ချစ်သူဘဝတွင်ရော၊ ဟန်နီးမွန်းတုန်းကပါ သွားခဲ့သည့် ပုဂံဘုရားဖူးခရီးစဉ်ကို ပြန်ပြောင်းသတိရနေမိသည်။ ဘုရားအဆူဆူမှာ မောင်နှင့်အတူ ကတိပေးခဲ့သည့်ခွဲခွာခြင်းဆိုသော စကားကို ဝိုင်းက အရင်ဖောက်ပစ်ရတော့မလို ဖြစ်နေသောကြောင့် ဝိုင်းရင်တွင် မချိတော့ပေ။

ဝိုင်းတို့အိမ်ထောင်ကျသည်မှာ ငါးနှစ်ပင် မပြည့်သေးပေ။ သားလေးကလည်း သုံးနှစ်သာ ရှိသေးသောကြောင့် ချစ်၍မဝသေးပေ။ သို့သော် ဝိုင်း၏ဆိုးရွားလှသည့် ဝေဒနာကြောင့် ယခုတော့ ဆက်ပြီး အသက်ရှင်ချင်စိတ် မရှိတော့ပေ။ နောက်ဘဝများရှိခဲ့လျှင် ယခုလို ဆိုးရွားလှသည့် ရောဂါဝေဒနာများ မခံစားရပါစေနှင့်။ ချစ်ရသော မိသားစုနှင့် နှစ်အကြာကြီး မခွဲမခွာအတူနေရပါစေဟု ဝိုင်းပြုခဲ့ဖူးသော ကုသိုလ်များကို တိုင်တည်ပြီး ဆုတောင်းနေမိပါသည်။

**❖ဝိုင်းအဖို့တော့ အိမ်ပြန်ရောက်သည့်အခါ သူချစ်ရသော မိဘ၊ ဆွေမျိုးများနှင့်အတူ အလွမ်းကြီးလွမ်း၊ သတိရနေရသော သားလေးနှင့်တွေ့လိုက်ရတော့ ခံစားနေရသည့်ဝေဒနာပင် ပျောက်သွားသလို ဖြစ်ခဲ့ရသည်။ သို့သော် ဝိုင်းရောဂါက အဆိုးဆုံးအဆင့်ကိုရောက်နေပြီမို့ ညဘက်များတွင် ကိုက်ခဲနာကျင်ပြီး အိပ်၍မရဘဲ မျက်စိကြောင်ကာ မိုးလင်းခဲ့ရသည့်နေ့များဆက်လာခဲ့သည်။ အိပ်မပျော်သည့်ညများတွင် မောင်နှင့်အတူချစ်သူဘဝတွင်ရော၊ ဟန်နီးမွန်းတုန်းကပါ သွားခဲ့သည့် ပုဂံဘုရားဖူးခရီးစဉ်ကို ပြန်ပြောင်းသတိရနေမိသည်။ ဘုရားအဆူဆူမှာ မောင်နှင့်အတူ ကတိပေးခဲ့သည့်ခွဲခွာခြင်းဆိုသောစကားကို ဝိုင်းက အရင်ဖောက်ပစ်ရတော့မလို ဖြစ်နေသောကြောင့် ဝိုင်းရင်တွင် မချိတော့ပေ။ ❖**

# ကသာခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၆၈၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၆၈၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၉၄၂ ဧက၊ ဖူးစားပြောင်း ၁၇၂၅ ဧက၊ အင်းတော်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၁ ဧက၊ ဖူးစားပြောင်း ဧက ၅၀၀၊ ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၂၈ ဧက၊ ဖူးစားပြောင်း ၁၂၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၂၀၀ စုစုပေါင်း ၅၆၈၁ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၅၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဇွန်လ စတုတ္ထပတ်မှာ စတင်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးဆောင်ရွက်ပေးပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ကသာခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး စနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင့် ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ထိုင်းဘေးကျားစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေး



ကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုကောင်းနေလို့ တင်ပို့အား ကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊စပါးဈေးကွက်မှာကို စပါးက အဝယ်လိုက်နေတာပါ"ဟု ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၂၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ထိုင်းဘေးကျားစပါးသည် အရည်အသွေးကောင်းမွန်သည့်စပါးဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် ကျွန်းကလေး(ကွင်းပိုင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇွန် ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွန်းကလေး(ကွင်းပိုင်း) ကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကျွန်းကလေး(ကွင်းပိုင်း) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အငှမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၅ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

## မင်္ဂလာရှိသောနေ့

- တူညီညာ လက်တွဲလို့
  အခက်ခဲတို့ ရင်ဆိုင်လေ၊
  ဒုက္ခတွေ ကင်းစင်ပ
  အလင်းရစေ၊
  စိတ်နှလုံး ပီတိဝေ
  ကြင်နာတွေ လွှမ်းခြုံသိုင်း၊
  ဘေးမသီ ရန်မတွေ့
  ချမ်းမြေ့ချိန်တိုင်း။

- သံယောဇဉ် မေတ္တာလှိုင်းတို့
  ပတ်ဝိုင်းလျက် အစဉ်သာ
  နေ့ညမကွာ၊
  အပြုံးပန်းတို့ ဝေဆာ
  ရင်လွှာမှာ အပူကင်း၊
  ညီအစ်ကို မောင်နှမ
  လှပစိတ်ရင်း။

- ချစ်ခြင်းဖြင့် အလှဆင်
  မင်္ဂလာ ရှိစေရေး၊
  အေးအတူ ပူအမျှ
  နေကြစို့လေး။ ။

မောင်လူစိုး

# ဥတ္တရသီရိမြို့နယ် အောင်ချမ်းသိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်ချမ်းသိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အောင်ချမ်းသိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်ချမ်းသိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ရန်ပုံငွေကျပ် ၃၆၈ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သူသူ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဝင်မှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကျွန်ုပ်ဤသို့ကြား၏

ဗညားကျန်းထော

လွန်ခဲ့သော အနှစ် ၂၀ က စာရေးသူသည် အလွန်မှတ်သားဖွယ်ကောင်းသော စာတစ်ပုဒ်ကို ဖတ်ရှုခဲ့ရဖူးလေသည်။ သို့ရာတွင် မည်သည့်စာနယ်ဇင်းတွင် ဖတ်မိခဲ့သည်ကို မမှတ်မိတော့ပါ။ ထို့ကြောင့် ရှာဖွေသောအခါ ကောက်ရိုးပုံထဲသို့ ကျပျောက်ခဲ့သော အပ်တစ်စင်းကို ရှာရသလို ခက်ခဲခဲ့ပါသည်။

အောက်တွင် ဂျာနယ်တစ်စောင်၌ ဖော်ပြခဲ့သော ဆရာမောင်စူးစမ်း၏ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်က ရေးခဲ့သော "စစ်သဒ္ဒါကျမ်း"၊ ခေတ်သစ်စစ်လက္ခဏာများ အဖိုးတန်ဆောင်းပါးကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ထိုဆောင်းပါးသည် ယနေ့အချိန်အခါနှင့် အထူးပင် ကိုက်ညီနေဆဲဖြစ်ပါသောကြောင့် ကူးယူဖော်ပြအပ်ပါသည်။

**စစ်သဒ္ဒါကျမ်း**

**ခေတ်သစ်စစ်လက္ခဏာများ**

**ဂန္ထဝင်စစ်ကျမ်းရှင်များ**

ယနေ့တိုင် ပါးစပ်ဖျားက မချနိုင်သေးသော ဂန္ထဝင်ရှေးဟောင်းစစ်ပညာရှင် ခုနစ်ဦးရှိသည်။ ၎င်းတို့မှာ –

(၁) အတ္တာရှာတြ ကောသလမင်းကြီး (ဘီစီအီး ၄ ရာစုနှစ်တွင်ပေါ်သော အိန္ဒိယကျမ်း။ ဤကျမ်းသည် ဝိဇ္ဇာနှင့်သိပ္ပံပညာ၊ နိုင်ငံရေး၊ အုပ်ချုပ်နည်းနှင့် စစ်ပညာတို့အကြောင်းကို ရေးသားထားသည်။)

(၂) အုပ်စိုးသူအတွက် မှန်တစ်ချပ် (A Mirror for the Ruler)(၁၁ ရာစုနှစ် ပါရှင်းကျမ်းပြုဆရာ ဝါရှမ်ဂါ ရေးသည်။)

(၃) အုပ်စိုးနည်း (The Art of Ruling) (ပါရှင်းနိုင်ငံရေးခေါင်းဆောင်မိုဇမ်အာမုခ်ရေးသည်။ သူသည် ၁၁ ရာစုနှစ် စူလတန်တစ်ပါးဖြစ်၍ အစ္စမေလီတို့၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။)

(၄) ရှင်ဘုရင်လက်စွဲ (၁၄ ရာစုနှစ် အိန္ဒိယသမိုင်းဆရာ ဇီယာဘာရာနီ ရေးသည်။)

(၅) မင်းသား၊ စစ်ပညာကျမ်းကျယ် (Prince, The Art of War and Discourse) (၁၅ ရာစုနှစ် ဖလောရောတိုင်းခေါင်းဆောင် နီကိုလိုမက်ခီယာဗယ်လီ ရေးသည်။)

(၆) စစ် (On War) ဂျာမန်မဟာဗျူဟာပညာရှင် ကားလ်ဗွန်ကလော့ဇ်ဝစ်ဇ်ရေးသည်။ နိုင်ငံရေးဒဿနနှင့် စစ်ရေးဒဿနနှစ်ခု ပေါင်းစပ်ထားသည်။

(၇) စစ်ပညာ (The Art of War) (လွန်ခဲ့သော ဘီစီ ၅ ရာစုခေတ်ကျော်က တရုတ်စစ်ပညာ ပါရဂူဆန်ဇု ရေးသားသည်။ ဤကျမ်းကို စစ်ရေးသဒ္ဒါကျမ်း (Grammar for War) ဟုလည်းခေါ်သည်။)

**ခေတ်သစ်စစ်လက္ခဏာများ**

ယခုအဆိုပါ ဂန္ထဝင်စစ်ကျမ်းတို့ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုအသစ်များပြုလုပ်၍ အင်္ဂလိပ်လိုဘာသာပြန်ထုတ်ဝေလျက်ရှိသည်။ မူရင်းကျမ်းတို့ကို ဋီကာဆရာတို့က ဋီကာသစ်များ ဖြည့်စွက်ပေး၍ ပြန်လည်ထုတ်ဝေခြင်းဖြစ်သည်။ ထိုအခါ ဤဂန္ထဝင်စစ်ကျမ်းတို့သည် ခေတ်သစ်စစ်အခြေအနေတို့နှင့် ဘယ်လောက်ဆီလျော် အပ်စပ်အကျုံးဝင်နိုင်ပါနည်း ဟူသော ပြဿနာပေါ်လာသည်။

ဤပြဿနာကို ဖြေရှင်းကြည့်ရန်အလို့ငှာ ၂၁ ရာစုနှစ် စစ်ပွဲတို့၏ အသွင်လက္ခဏာတို့ကို သုံးသပ်ကြည့်သည်။ အောက်ပါအတိုင်း တွေ့ရှိထားသည်–

(၁) ယနေ့ စစ်ပွဲတို့သည် သမားရိုးကျစစ်ပွဲမျိုးတွေမဟုတ်။ သမားရိုးကျမဟုတ်သော စစ်ပွဲ (non-conventional warfare) တွေဖြစ်သည်။

> **❖စစ်၏အဓိကရည်ရွယ်ချက်သည် အမြဲတမ်းလိုလို၌ အောင်ပွဲဖြစ်သည်။ ဤအောင်ပွဲကို အင်အားတွေ မသုံးမဖြုန်းရဘဲ ရရှိသည်ဟုဆိုလျှင် အကောင်းဆုံးဖြစ်မည်။ အင်အားမသုံးရဘဲ ရရှိသော အောင်ပွဲကို တန်ဖိုးထားအပ်သည်ဟုဆိုရာ၌ တရုတ်စစ်ကျမ်းဆရာကြီးဆန်ဇု၏အမြင်သည် ထိုက်သင့်သလို ဆီလျော်နေသည်။ သူကစစ်ပွဲ၏ အဓိကဦးစားပေးမှုသည် ရန်သူ၏စိတ်ဓာတ်အင်အားကို ဖရိုဖရဲဖြစ်အောင်ပြုရေးဖြစ်သည်။ ဤအတွက် လှည့်စားချက်၊ အလစ်အငိုက်နှင့် တွန်းအားဖြုတ်မှုတို့ကို သုံးစွဲရန်လိုသည်။ စင်စစ် ထိပ်ခေါင်အကျဆုံးပညာသည် မတိုက်လိုက်ရဘဲနှင့် ရန်သူက အရှုံးပေးသောနည်းဖြစ်သည်။ ❖**

(၂) စစ်အင်အားချင်းမတူ၊ အချိုးမမျှဘဲ ဆင်နွှဲရသောစစ်ပွဲ asymmetrical warfare ဖြစ်သည်။

(၃) အင်ဖော်မေးရှင်းစစ်ပွဲ (information warfare) ပုံသဏ္ဌာန်ဖြစ်သည်။ ပညာစစ်ပွဲ (knowledge warfare) ဖြစ်သည်။ ဆိုင်ဘာဝါး (cyber-war) ဖြစ်သည်။

(၄) ရန်သူအမျိုးအစားကလည်း ပြောင်းလဲသွားသည်။ လူ့အသက်ကို တန်ဖိုးမထား မမြတ်နိုးသော ရန်သူဖြစ်သည်။

(၅) **ခေတ်သစ်စစ်ပွဲတွင်**

- လက်နက်စနစ် ခေတ်မီစမတ်ကျမှု (weapon system)
- တပ်အချင်းချင်းအမိန့်ပေး၊ အဖွဲ့အချင်းချင်း အင်တာနက်သုံး၍ ဆက်သွယ်မှုနှင့်ညှိနှိုင်းမှု (Communication and coordination) ဂေါ့ဒ်မျက်စိဖြင့်တိုက်ခြင်း (God eyed view) ဟုခေါ်သည်)၊
- ထောက်ပို့စနစ် ခေတ်မီစမတ်ကျမှု (smart supply chain) တို့ဖြင့် တိုက်ခိုက်နေသည်။

**ကလော့ဇ်ဝစ်ဇ်နှင့် ဆန်ဇု**

ဆိုခဲ့ပါအတိုင်း ခေတ်သစ်စစ်ပွဲပုံသဏ္ဌာန်ကို စိစစ်သုံးသပ်ကြည့်ပြီးသကာလ ဂျာမန်စစ်ပါရဂူ ကလော့ဇ်ဝစ်ဇ်၏ စစ်သီအိုရီသည် သမားရိုးကျစစ်ပွဲမျိုးကိုရည်ညွှန်းသည့် ခေတ်သစ်စစ်ပွဲနှင့် အံဝင်ခွင်ကျမဖြစ်ဟုသုံးသပ်သည်။ သို့သော် **ကလော့စ်ဝစ်ဇ်သီအိုရီမှလှုပ်ရှားစစ် kinetic warfare ပုံစံမျိုးကမူ အထိုက်အလျောက်ဆီလျော်မှုရှိသည်။**

ဆန်ဇုတိုက်ခိုက်ရေးမူသည် သမားရိုးကျစစ်ပွဲမျိုးနှင့်လည်းကိုက်သည်။ အချိုးမမျှသော စစ်ပွဲပုံသဏ္ဌာန်နှင့်လည်း ကိုက်ညီသည်ဟု သုံးသပ်သည်။ **ဆန်ဇု၏သီအိုရီတွင် ရန်သူကိုလှည့်စားခြင်း၊ လှည့်ကွက်ဆင်ခြင်းနှင့်ပညာကို အထူးအရေးပေးသည်။** ကလော့ဇ်ဝစ်ဇ်နှင့် ဆန်ဇုနှစ်ဦးစလုံးက **စစ်သည် နိုင်ငံရေး၏အဆက်ဖြစ်သည်ဆိုသော အချက်ကို ယုံကြည်ကြသည်။**

ထိုအချက်ကိုအခြေခံ၍ ဆန်ဇုကစစ်ပွဲ၌ ရန်သူအပေါ် အောင်နိုင်ရာတွင် ဉာဏ်ပညာ (wisdom) ဖြင့်နိုင်ရမည်။ **ရန်သူ၏မဟာမိတ်ကို ဖရိုဖရဲဖြစ်သွားအောင်လည်း ဉာဏ်ပညာကို လွှာသုံးရမည်။ မတိုက်ခိုက်လိုက်ရဘဲနှင့် ရန်သူက ဒူးထောက်အရှုံးပေးလာအောင် ဉာဏ်ပညာဖြင့် နိုင်စေရမည်ဟုဆိုသည်။**

ဆန်ဇု၏ဂန္ထဝင်စစ်ကျမ်းကို တရုတ်လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ချုပ်တစ်ဦးဖြစ်သူ တော်ဟန်ဇင်က ဋီကာအသစ်ဖြင့်၊ တရုတ်ဘာသာဖြင့်ရေးသည်။ ဋီကာသစ်ကို ယန်ရှီဘင်က အင်္ဂလိပ်လိုဘာသာပြန်၍ နယူးယောက်စာအုပ်တိုက်တစ်တိုက်က ထုတ်ဝေသည်။ **ခေတ်က ဆိုင်ဘာခေတ်။ အဓိကတိုက်ရမည့်ရန်သူက အကြမ်းဖက်ဝါဒ။** ဆန်ဇု၏သီအိုရီကို တရုတ်ဗိုလ်ချုပ်တစ်ဦးက အနက်အသစ်ဖွင့်ဆိုသည်ကို စိတ်ဝင်စားကြသည်။

**အောင်ပွဲပညာ**

စစ်ကျမ်းတွေ ခေတ်စားလာသလို ပထဝီမဟာဗျူဟာ တွေးခေါ်ပညာရှင် ဂရယ်ဂရီကော့ပ်လေးကလည်း "အောင်ပွဲပညာ" (The Art of Victory) ဆိုသောကျမ်းကို မကြာသေးမီက ရေးသားထုတ်ဝေသည်။ သူက **အောင်ပွဲသည် လူ့အဖွဲ့အစည်းတစ်ရပ်၏ အရေးကြီးသောပန်းတိုင်ဖြစ်သည်။** (Principal Goal of Society) ဟုဆိုသည်။ **အောင်ပွဲသည် နိုင်ငံအစိုးရတစ်ရပ်၏ ပထမဦးဆုံးတာဝန်** (The First Responsibility of the State) လည်းဖြစ်သည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ရသနည်းဆိုသော် **အောင်ပွဲ၌သာ လူထုတစ်ရပ်၏ အသက်ရှင်သန်မှု၊ လူ့အဖွဲ့အစည်း၏ လူ့ယဉ်ကျေးမှု၊ အသက်ရှင်သန်မှု၊ လူ့တန်ဖိုး၊ ဘာသာစကားနှင့် လွတ်လပ်ခွင့်တို့ ရှင်သန်မှုတို့သည် တည်ရှိနေသောကြောင့်ဖြစ်သည်။** စစ်သည် အောင်ပွဲရရှိရန် အောင်မြင်သော ဘုံခေတ်ပေါင်းဖြစ်နေသည်။ ထို့ကြောင့် **သေသေချာချာ နားလည်ရမည့်အချက်မှာ အောင်ပွဲသည် စစ်ကြောင့် ပျက်စီးသွားသလား သို့တည်းမဟုတ် ခံစစ်မရှိမှုကြောင့် အောင်ပွဲသည် ပျက်စီးသွားရသလား ဆိုသောအချက်ဖြစ်သည်။**

**စစ်၏အဓိကရည်ရွယ်ချက်သည် အမြဲတမ်းလိုလို၌ အောင်ပွဲဖြစ်သည်။ ဤအောင်ပွဲကို အင်အားတွေ မသုံးမဖြုန်းရဘဲ ရရှိသည်ဟုဆိုလျှင် အကောင်းဆုံးဖြစ်မည်။** အင်အားမသုံးရဘဲ ရရှိသောအောင်ပွဲကို တန်ဖိုးထားအပ်သည်ဟုဆိုရာ၌ တရုတ်စစ်ကျမ်းဆရာကြီးဆန်ဇု၏အမြင်သည် ထိုက်သင့်သလို ဆီလျော်နေသည်။ သူကစစ်ပွဲ၏ အဓိကဦးစားပေးမှုသည် **ရန်သူ၏စိတ်ဓာတ်အင်အားကို ဖရိုဖရဲဖြစ်အောင်ပြုရေးဖြစ်သည်။** ဤအတွက် **လှည့်စားချက်၊ အလစ်အငိုက်နှင့် တွန်းအားဖြုတ်မှုတို့ကို သုံးစွဲရန်လိုသည်။** စင်စစ် ထိပ်ခေါင်အကျဆုံးပညာသည် မတိုက်လိုက်ရဘဲနှင့် ရန်သူကအရှုံးပေးသောနည်းဖြစ်သည်။

နိုင်ငံရေးစာစုများ စုစည်းစီစဉ်သည့် ဆရာကျော်ဝင်းကို ကျေးဇူးအထူးတင်ပါကြောင်း။

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



**သာစည် ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုန်းတလုတ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၆ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၉သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## မူဇင်ဘတ်ကမ်းခြေဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် အဓိကလမ်းမကြီးတချို့ကို ယာယီပိတ်ထား



**ပရီတိုးရီးယား ဇွန် ၁၆**

တောင်အာဖရိကနိုင်ငံ မူဇင်ဘတ်ကမ်းခြေဒေသတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးသည် မူဇင်ဘတ်ကမ်းခြေဒေသကို ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးများဆီသို့ ကူးစက်လောင်ကျွမ်းနေခြင်းကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း ကိပ်တောင်းမီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မူဇင်ဘတ်ကမ်းခြေဒေသသည် ကိပ်တောင်းမြို့နှင့်လည်း နီးကပ်နေပြီး တောမီးကိုအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် ကိပ်တောင်းမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ဝန်ထမ်းများက ကြိုးစားပေးနေကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှု အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေသည့် လမ်းမကြီးမှာ ဘိုယက်စ်လမ်းမကြီးဖြစ်ပြီး ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားကြောင်းလည်း ကိပ်တောင်းမီးသတ်နှင့်ကယ်ဆယ်ရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မူဇင်ဘတ်ကမ်းခြေဒေသမှာ တောမီး ကူးစက်လောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းခြင်း မဟုတ်သေးပေမဲ့လဲ ဘိုယက်စ် လမ်းမကြီးမှာတော့ တောမီး ကူးစက်လောင်ကျွမ်းမှုဟာ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်ပါတယ်။ ကိပ်တောင်းမီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းရဲ့ ဝန်ထမ်းအင်အားတချို့ကို တောမီးအမြန်ဆုံးငြိမ်းသတ်ပေးနိုင်ဖို့ စေလွှတ်ထားပါတယ်။ ဘိုယက်စ်လမ်းမကြီးကိုတော့ လုံးဝအသုံးမပြုကြဖို့ ယာယီပိတ်ထားပါတယ်" ဟု ကိပ်တောင်းမီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျာမိန်းကဲလက်စ်က ပြောကြားခဲ့သည်။

မိုးလေဝသအခြေအနေပေါ်မူတည်ပြီး တောမီးလောင်ကျွမ်းမှုသတိပေးအဆင့်ကို တောမီးကို ထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း ဂျာမိန်းကဲလက်စ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အနောက်ဗာဂျီးနီးယားပြည်နယ် ဝီးလင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံလူ လေးဦး သေဆုံးကာ ပျောက်ဆုံးသူများရှိနေ

**ဝါရှင်တန် ဇွန် ၁၆**

အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ် ဝီးလင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁၅ ရက်မှစတင်၍ ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး ဒေသခံ လေးဦး သေဆုံးကာ ပျောက်ဆုံးနေသူများ ရှိနေကြောင်း အနောက်ဗာဂျီးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြထားသည်။

သေဆုံးသူ လေးဦးတွင် အသက် သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးလည်း ပါဝင်နေပြီး ပျောက်ဆုံးနေသည့် ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ မိုးရေချိန်မှာ သုံးလက်မမှ လေးလက်မထိ မြင့်တက်ခဲ့သည့်အတွက်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုသည် အနောက်ဗာဂျီးနီးယားပြည်နယ် အပြင် နယ်နိမိတ်ချင်းထိစပ်နေသည့် အိုဟိုင်းယိုးပြည်နယ်တွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည်ဟု အမေရိကန် မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အနောက်ဗာဂျီးနီးယားပြည်နယ်က ပြည်သူတွေနဲ့ အိုဟိုင်းယိုးကောင်တီက ပြည်သူတွေအတွက် အရမ်းကိုခက်ခဲနေတဲ့ ကာလတစ်ခုဖြစ်ပါတယ်။ မိုးရေချိန် မြင့်မားတဲ့အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ သေဆုံးသူ လေးယောက်ရှိခဲ့ပါတယ်။ မိသားစုဝင်တွေဆုံးရှုံးခဲ့ရတဲ့ပြည်သူတွေအတွက် စိတ်မကောင်း ဖြစ်ရပါတယ်"ဟု အနောက်ဗာဂျီးနီးယားပြည်နယ် ဝန်ကြီးချုပ် ပက်ထရစ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## ပီရူးနိုင်ငံ လီမာမြို့တွင် ၆ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**လီမာ ဇွန် ၁၆**

ပီရူးနိုင်ငံ လီမာမြို့တွင် ဇွန် ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၅ မိနစ်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း လီမာဒေသတွင်း အမျိုးသားအရေးပေါ်ကယ်ဆယ်ရေးစင်တာ(COEN) က ထုတ်ပြန် ခဲ့သည်။



ပီရူးနိုင်ငံ၏မြို့တော် လီမာတွင် ငလျင်လှုပ်ခတ်ပြီးနောက် အနည်းဆုံး လူတစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း COEN ကအတည်ပြုခဲ့ပြီး ငလျင်သည် ကော်လောင်ပြည်နယ်၏ အနက် ၄၉ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူ တစ်ဦးမှာ အဆောက်အအုံ၏ စတုတ္ထထပ်မှ ငလျင်အရှိန်ကြောင့် ပြုတ်ကျခဲ့သော အသက် ၃၆ နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောပြခဲ့သည်။

လီမာမြို့တွင် ကျောက်တောင်များပေါ်များကာ ငလျင်ကြောင့် ကျောက်တောင်များ ပွဲ့ကျကာ လမ်းသွား လမ်းလာများအတွက် အန္တရာယ်ရှိသောကြောင့် လီမာဒေသတွင်းအမျိုးသား အရေးပေါ်ကယ်ဆယ်ရေး စင်တာသည် မြို့တော်ရှိ ခရိုင် ၄၃ ခုလုံးတွင် သဘာဝဘေး အန္တရာယ်သတိပေးချက် ချက်ချင်းထုတ်ပြန်ခဲ့ကြောင်း၊ သို့သော်လည်း ကမ်းရိုးတန်းဒေသရှိ ချောက်ကမ်းပါးများ၊ ကျောက်တောင်များ ပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရသူများ ရှိခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်း အယ်ဆာဗေးဒိုး၊ ဗန်တာနီလာ၊ အန်ကွန်နှင့် ပန်ချာကာမတ် ခရိုင်များတွင် ငလျင်ကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ကြောင်း နိုင်ငံ့စွမ်းအင်နှင့်သတ္တုတွင်း ဝန်ကြီးဌာန၏ စီးပွားရေးလည်ပတ်မှုကော်မတီမှ သိရသည်။

လက်ရှိတွင် ပီရူးသမ္မတဒိုင်နာဘိုလိုရာတေးသည် ငလျင်ဘေးသင့်ဒေသများသို့ သွားရောက်ကာ ငလျင်ဒဏ်သင့် ပြည်သူများကို အားပေးခဲ့ကြောင်းနှင့် ငလျင်လှုပ်ခတ်စဉ် ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## ကနေဒါနိုင်ငံ ဆက်စကက်ချီဝမ်ပြည်နယ်တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေထုတ်ပြန်

**အော့တဝါ ဇွန် ၁၆**

ကနေဒါနိုင်ငံ ဆက်စကက်ချီဝမ်ပြည်နယ်တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် မီဒိုလိတ်မြို့ကို ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ဆက်စကက်ချီဝမ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဆက်စကက်ချီဝမ်ပြည်နယ်တွင် မိုးရေချိန် ၁၅ မီလီမီတာမှ ၃၀ မီလီမီတာထိ မြင့်တက်လျက်ရှိနေပြီး မြစ်ရေလျှံတက်နေကြောင်း၊ မိုးရေချိန်မှာ ၆၅ မီလီမီတာထိ မြင့်တက်သွားနိုင်သည့်အတွက်ကြောင့် ရေကြီးရေလျှံမှုအခြေအနေမှာ ပိုမိုဆိုးရွားလာဖွယ်ရှိနေကြောင်း Environment and Climate Change Canada မှ မိုးလေဝသ ခန့်မှန်းတိုင်းတာရေး ပညာရှင်တစ်ဦးဖြစ်သူ ဘရက်ဗရိုလစ်ခ်က ပြောကြားခဲ့ကြောင်း သိရသည်။

"အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားရတဲ့ အကြောင်းရင်းကတော့ တစ်နေရာတည်းကို မိုးရေချိန် မြင့်မားစွာမိုးရွာသွန်းခဲ့တာကြောင့်ဖြစ်ပါတယ်။ မြစ်ရေလျှံတက်မှုတွေလဲ ဖြစ်ပေါ်နေတယ်။ ရေဘေးအန္တရာယ်နဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ ဧရိယာကတော့ မီဒိုလိတ်မြို့ပဲဖြစ်ပါတယ်။ မိုးရေချိန်ဟာ ၁၅ မီလီမီတာမှ ၃၀ မီလီမီတာထိ မြင့်တက်နေပြီးတော့ ၆၅ မီလီမီတာထိ ရောက်ရှိသွားနိုင်ပါတယ်"ဟု Environment and Climate Change Canada မှ မိုးလေဝသ ခန့်မှန်းတိုင်းတာရေး ပညာရှင်တစ်ဦးဖြစ်သူ ဘရက်ဗရိုလစ်ခ်က ပြောကြားခဲ့သည်။

ဆက်စကက်ချီဝမ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းကလည်း ရေကြီးရေလျှံမှုကြောင့် ရေလွှမ်းနေသည့်လမ်းမများကို အသုံးမပြုရန်နှင့် ယင်းဧရိယာများအား ဖြတ်သန်းသွားလာမှုကို တားမြစ်ထားကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

Ref : Russia Today
Trs : Sai Sat

## ကွန်ဂိုနိုင်ငံ ကင်ရှာဆာမြို့တွင် မိုးသည်းစွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူ ၂၉ ဦး သေဆုံးခဲ့

**ကင်ရှာဆာ ဇွန် ၁၆**

ကွန်ဂိုနိုင်ငံမြို့တော် ကင်ရှာဆာတွင် ဇွန် ၁၅ ရက်က မိုးသည်းစွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူ ၂၉ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့ရာမှ ရုတ်တရက် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံကာ မြို့တွင်း ကြီးမားသော ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းများ ရေလျှံကာ အခြေခံအဆောက်အအုံနှင့် လူနေအိမ်များပျက်စီးကာ နိုင်ငံ၏နေရာအနှံ့ အပြားတွင် လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဒေသခံများ သဘာဝဘေး အန္တရာယ်ကို သတိပြုနေထိုင်ကြရန်နှင့် ကြိုတင်ကာကွယ်မှုပြုလုပ်ထားရန် တိုက်တွန်းခဲ့သော်လည်း ရုတ်တရက်ရေကြီးလာသည့်အခါ ပြင်ဆင်မှုလိုအပ်ချက်များကြောင့် လူသေဆုံးမှုများ ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း၊ လတ်တလောရေဘေးသင့်သူများ ရွှေ့ပြောင်းရေးနှင့် နေစရာမရှိသူများအတွက် ယာယီနေရာချထားရေးများ လုပ်ဆောင်နေကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဒန်နီရယ်ဘမ်ဘာက ပြောကြားခဲ့သည်။

နိုင်ငံတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးရေချိန်သည် ၉၀ မီလီမီတာထိရှိကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ပင်လယ်ရေကြောင်းလုံခြုံရေးတိုးမြှင့်ဆောင်ရွက်နေသော အာရှနိုင်ငံများ အပိုင်း(၂)

**ဩစတြေးလျနိုင်ငံ**

ဩစတြေးလျနိုင်ငံသည် MH-60R Seahawk ရဟတ်ယာဉ်အုပ်ကို တိုးချဲ့ထိန်းသိမ်းထားခြင်းဖြင့် ရေတပ်ဆိုင်ရာ လေကြောင်းစွမ်းဆောင်ရည်များကို သိသိသာသာ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တော်ဝင်ဩစတြေးလျရေတပ် (RAN) သည် လက်ရှိအချိန်တွင် MH-60R ရဟတ်ယာဉ် ၂၃ စင်းရှိပြီး ၂၀၂၆ ခုနှစ် ကုန်ပိုင်း၌ ၃၆ စင်းရှိသော ရဟတ်ယာဉ်အုပ်ဖွဲ့စည်းရေးအတွက် နောက်ထပ် ၁၃ စင်း မှာယူထားရှိသည်။

ထို့ပြင် ဩစတြေးလျအစိုးရသည် အမေရိကန်ဒေါ်လာ ၂၀၀ ဒသမ ၇ သန်း တန်ဖိုးရှိသော ပြုပြင်ထိန်းသိမ်းမှုကန်ထရိုက်တစ်ရပ်ကို လော့ခ်ဟိဒ်မာတင်ကုမ္ပဏီခွဲဖြစ်သည့် Sikorsky Australia ကို ပေးအပ်ထားသည်။ ၎င်းကန်ထရိုက်စာချုပ်သည် MH-60R Seahawkများကို ပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ MH-60R Seahawk သည် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး၊ ရေပြင်ချေမှုန်းရေးစစ်ဆင်ရေး၊ ဒေါင်လိုက်ထောက်ပံ့ဖြည့်ဆည်းရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးမစ်ရှင်များအတွက် ဘက်စုံသုံးရဟတ်ယာဉ်ပင်ဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် MH-60R တိုးချဲ့ဝယ်ယူခြင်းအပြင် ရဟတ်ယာဉ်အုပ်ကိုလည်း ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ ဘေးကင်းလုံခြုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် MRH-90 Taipan ရဟတ်ယာဉ်များကို အနားပေးပြီးနောက် ဩစတြေးလျတပ်မတော်သည် အမေရိကန်ထုတ် UH-60M Black Hawks များကို ပြောင်းလဲအသုံးပြုလျက်ရှိပြီး ၂၀၂၃ ခုနှစ်တွင် ပထမဆုံးသုံးစင်းလက်ခံရရှိထားသည်။ ထို့ပြင်၂၀၂၅ ခုနှစ်မှစ၍ ဘိုးအင်း၏ AH-64E Apache ရဟတ်ယာဉ် ၂၉ စင်း လက်ခံရရှိသွားရန်ရှိသဖြင့် တိုက်ခိုက်ရေးနှင့်ကင်းထောက်မစ်ရှင်များ တိုးမြှင့်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

**မလေးရှားနိုင်ငံ**

မလေးရှားနိုင်ငံသည် ပင်လယ်ရေကြောင်းလုံခြုံရေးနှင့်ကျယ်ပြောလှသော ရေပိုင်နက်များတွင် တိုက်ပွဲဝင်အသင့်ဖြစ်မှုတို့မြှင့်တင်ရန် ရည်မှန်းလျက် ရေတပ်ဖွဲ့သုံးရဟတ်ယာဉ်များ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထို့သို့ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရာ၌ သက်တမ်းရင့်ရဟတ်ယာဉ်များကို ဆန်းစစ်အကဲဖြတ်ပြီး ဒေသတွင်းလုံခြုံရေးအခြေအနေနှင့် အညီလိုက်လျောညီထွေ ပြောင်းလဲလုပ်ဆောင်ခြင်းတို့ပါဝင်သည်။

ထူးခြားသော တိုးတက်မှုမှာ အီတလီကာကွယ်ရေးပစ္စည်းကုမ္ပဏီ Leonardo နှင့် စာချုပ်တစ်ရပ်လက်မှတ်ရေးထိုးနိုင်ခြင်းဖြစ်ပြီး ၎င်းစာချုပ်အရ မလေးရှားနိုင်ငံသည် ၁၅ နှစ်အတွင်း AW149 ဘက်စုံသုံးရဟတ်ယာဉ် ၂၈ စင်းလက်ခံရရှိသွားမည်ဖြစ်သည်။ ၎င်းရဟတ်ယာဉ်များသည် ပြုပြင်ထိန်းသိမ်းမှုဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ပြီး ကြည်း၊ ရေ၊ လေတပ်ဖွဲ့များအတွင်း တိုက်ပွဲဝင်အသင့်ဖြစ်မှုကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။

**ဖိလစ်ပိုင်နိုင်ငံ**

ဖိလစ်ပိုင်ရေတပ်သည် ပြည်တွင်းစစ်ဆင်ရေးလိုအပ်ချက်များနှင့် ပြင်ပပင်လယ်ရေကြောင်း လုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး ၎င်း၏ ရေတပ်ဆိုင်ရာ လေကြောင်းစွမ်းဆောင်ရည်များ ခေတ်မီအဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထို့သို့ အဆင့်မြှင့်တင်လုပ်ဆောင်ရာတွင် ASW အပြင်ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်းနှင့် စောင့်ကြည့်ခြင်း(ISR) စွမ်းဆောင်ရည်များကိုလည်း အလေးထားလုပ်ဆောင်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဖိလစ်ပိုင်ရေတပ်သည် Jose Rizal အတန်းအစားဖရီးဂိတ်များပေါ်၌ Leonardo ကုမ္ပဏီ၏ AW159 Wildcat ရဟတ်ယာဉ်နှစ်စင်းကို တပ်ဖြန့်ချထားသည်။ ၎င်းရဟတ်ယာဉ်များသည် အနောက်ဖိလစ်ပိုင်ပင်လယ်တွင် ကင်းလှည့်စောင့်ကြပ်မှုတာဝန်များ ထမ်းဆောင်လျက်ရှိသည်။ ထို့ပြင် ASW စွမ်းဆောင်ရည်များမြှင့်တင်ရေးအတွက် ၂၀၂၆ မှ ၂၀၃၀ ပြည့်နှစ်အတွင်း ASW ရဟတ်ယာဉ်ခြောက်စင်းထပ်မံဝယ်ယူသွားရန် စီမံကိန်းရေးဆွဲထားသည်။

ဖိလစ်ပိုင်ရေတပ်သည် မူလရှိရင်းစွဲ Agus-

**❖အာရှနိုင်ငံများထဲမှ အင်ဒိုနီးရှားနိုင်ငံသည် ကျယ်ပြောလှသော ကျွန်းစုများတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မှုအသင့်ဖြစ်ရေး ရည်မှန်းချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ မဟာဗျူဟာ တစ်စိတ်တစ်ဒေသအနေဖြင့် ရေတပ်ဖွဲ့ဆိုင်ရာ လေကြောင်းစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင် လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာ၌ ကုန်းရေနှစ်သွယ်စစ်ဆင်ရေးများတွင် ရဟတ်ယာဉ်များကို အထောက်အကူပြုရန်နှင့် ပင်လယ်ရေကြောင်းလုံခြုံရေး မြှင့်တင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြစ်သည်။ ❖**

taWestland AW109 ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည့်အပြင် ဂျပန်နိုင်ငံက လှူဒါန်းထားသော Beechcraft King Air TC-90s များ၌ အီလက်ထရိုမဂ္ဂနက်တစ်နှင့် အနီအောက်ရောင်ခြည်(EO/IR) စနစ်များတပ်ဆင်ပြီး ISR စွမ်းဆောင်ရည်များမြှင့်တင်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်မှုများသည် ပင်လယ်ရေကြောင်းနယ်ပယ်စောင့်ကြည့်မှုနှင့် တိုက်ပွဲဝင်အသင့်ဖြစ်မှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

မောင်းသူမဲ့ဝေဟင်စနစ်များ (UAS)များပေါင်းစပ်ဆောင်ရွက်ခြင်းသည် ရေတပ်၏ ခေတ်မီအဆင့်မြှင့်တင်ရေးကြိုးပမ်းမှုများတွင် ထင်ရှားသော မှတ်တိုင်တစ်ခုပင်ဖြစ်သည်။ လေထဲ၌ နာရီ ၃၀ ပျံသန်းနိုင်ပြီး ဒေါင်လိုက်ပျံသန်းဆင်းသက် (VTOL) နိုင်သော Aerovel Flexrotor ဒရုန်းကို ISR မစ်ရှင်များ အဆင့်မြှင့်တင်နိုင်ရန် စတင်အသုံးပြုလျက်ရှိသည်။ ထို့ပြင် ဖိလစ်ပိုင်ရေတပ်သည် ရဟတ်ယာဉ်တင်ကမ်းလွန်ကင်းလှည့်ရေယာဉ်များ၏ စွမ်းဆောင်ရည်ကို အထောက်အကူပြုနိုင်ရန် ကုန်းရေနှစ်သွယ်သုံးရဟတ်ယာဉ်များ ဝယ်ယူရေးအတွက်လည်း စူးစမ်းလေ့လာဆောင်ရွက်လျက်ရှိသည်။

**ထိုင်းနိုင်ငံ**

ထိုင်းဘုရင့်ရေတပ် (RTN) သည် ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များ ထိရောက်စွာ ထမ်းဆောင်နိုင်မှုမြှင့်တင်နိုင်ရန် ရေတပ်ဖွဲ့သုံးလေကြောင်း အထောက်အကူပြုပစ္စည်းများကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာ၌ မောင်းသူပါရဟတ်ယာဉ်များနှင့် မောင်းသူမဲ့ဝေဟင်စနစ်များ (UAS) ပေါင်းစပ်ဆောင်ရွက်မှုပါဝင်သောကြောင့် မဟာဗျူဟာမြောက် အဆင့်မြှင့်တင်မှုနှင့် နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်ဆောင်ရွက်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် ထိုင်းဘုရင့်ရေတပ် (RTN) သည် ဩစတြေးလျ Schiebel ထံမှ Camcopter S-100 UAS ဝယ်ယူခဲ့သဖြင့် မောင်းသူမဲ့ ပင်လယ်ရေကြောင်းစစ်ဆင်ရေးထမ်းဆောင်မှုကို ထင်ဟပ်စေလျက်ရှိသည်။ ထို့နောက် ၂၀၂၂ ခုနှစ်တွင် S-100 UAS စနစ်ဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ်ထပ်မံလက်မှတ်ရေးထိုးခဲ့သောကြောင့် ကုန်းမြေနှင့် ပင်လယ်ပြင်တို့တွင် ISR မစ်ရှင်များ ထမ်းဆောင်နိုင်မှုကို သက်သေပြသလျက်ရှိသည်။

**အင်ဒိုနီးရှားနိုင်ငံ**

အာရှနိုင်ငံများထဲမှ အင်ဒိုနီးရှားနိုင်ငံသည် ကျယ်ပြောလှသော ကျွန်းစုများတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မှု အသင့်ဖြစ်ရေး ရည်မှန်းချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ မဟာဗျူဟာ တစ်စိတ်တစ်ဒေသအနေဖြင့် ရေတပ်ဖွဲ့ဆိုင်ရာ လေကြောင်းစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာ၌ ကုန်းရေနှစ်သွယ် စစ်ဆင်ရေးများတွင် ရဟတ်ယာဉ်များကို အထောက်အကူပြုရန်နှင့် ပင်လယ်ရေကြောင်း လုံခြုံရေးမြှင့်တင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြစ်သည်။ အင်ဒိုနီးရှားရေတပ် (TNI-AL) သည်လက်ရှိအချိန်တွင် ASW နှင့် ဘက်စုံမစ်ရှင်များအတွက် AS565 MBe Panther ရဟတ်ယာဉ် ၁၁ စင်းဖြင့် ဖွဲ့စည်းထားရှိသည်။ အဆိုပါ ရဟတ်ယာဉ်များကို ကုန်းမြေအခြေစိုက်များနှင့် စစ်ရေယာဉ်များပေါ်၌ တပ်ဖြန့်ချထားသောကြောင့် ပင်လယ်ရေကြောင်းလုံခြုံမှုနှင့် တုံ့ပြန်စစ်ဆင်ရေးများကို လိုက်လျောညီထွေ ထမ်းဆောင်နိုင်စေသည်။

**စင်ကာပူနိုင်ငံ**

စင်ကာပူနိုင်ငံသည် ခေတ်သစ်ပင်လယ်ရေကြောင်း လုံခြုံရေး၏ သိမ်မွေ့ရှုပ်ထွေးမှုများကို ဖြေရှင်းနိုင်ရန် ရေတပ်ဆိုင်ရာလေကြောင်းစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာ၌ စင်ကာပူရေတပ်(RSN)၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုနှင့် ဘက်စုံတာဝန်ထမ်းဆောင်နိုင်မှုမြှင့်တင်နိုင်ရန် ရည်မှန်းလျက်မောင်းသူပါနှင့် မောင်းသူမဲ့ရဟတ်ယာဉ်များကို ပေါင်းစပ်တာဝန်ထမ်းဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

စင်ကာပူရေတပ် RSN ၏ ရဟတ်ယာဉ်အုပ်၌ Sikorsky S-70B Seahawk အမျိုးအစား ရေတပ်ဖွဲ့သုံးရဟတ်ယာဉ်များပါဝင်ပြီး ရေပြင်စစ်ဆင်ရေးနှင့် ရေငုပ်သင်္ဘောဖျက်စစ်ဆင်ရေးများ ထမ်းဆောင်နိုင်ရေး Formidable အတန်းအစား ဖရီးဂိတ်များ၌ တပ်ဖြန့်ချသွားမည်ဖြစ်သည်။ ၎င်းရဟတ်ယာဉ်များသည် ဖရီးဂိတ်၏ တာဝန်ထမ်းဆောင်နိုင်မှု မြှင့်တင်နိုင်သောကြောင့် ခရီးဝေးမစ်ရှင်များနှင့် အခြေအနေစောင့်ကြည့်မှုမစ်ရှင်များ ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ ထို့သို့ ကြိုးပမ်းလုပ်ဆောင်ခြင်းသည် ပင်လယ်ရေကြောင်းစစ်ဆင်ရေးများတွင် နည်းပညာထိန်းချုပ်နိုင်ရေး အလိုအလျောက်နှင့် ဉာဏ်ရည်တုနည်းပညာတိုးတက်အောင် ဖော်ဆောင်မည့်စင်ကာပူနိုင်ငံ၏ ခိုင်မာသော ဆုံးဖြတ်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။

**ဗီယက်နမ်နိုင်ငံ**

ဗီယက်နမ်နိုင်ငံသည် ပြောင်းလဲဖြစ်ပေါ်နေသော ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရန်နှင့် ရေပိုင်နက်ဆိုင်ရာ အချုပ်အခြာအာဏာထိန်းသိမ်းရန်အတွက် ရေတပ်ဖွဲ့ဆိုင်ရာလေကြောင်းစွမ်းအားကို အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ဗီယက်နမ်ပြည်သူ့ရေတပ် (VPN) သည် တာဝန်ထမ်းဆောင်ရန် အသင့်ဖြစ်မှုမြှင့်တင်ရန်မောင်းသူပါနှင့် မောင်းသူမဲ့ရဟတ်ယာဉ်များကို အလေးထားလျက် ဘက်စုံလွှမ်းခြုံသော ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ရာ၌ VPN ၏ အဓိက လေကြောင်းတပ်ဖွဲ့ဖြစ်သည့်အမှတ် (၉၅၄) ရေတပ်ဆိုင်ရာ လေကြောင်းတပ်မဟာကို ဖွဲ့စည်းထားရှိသည်။ ၎င်းတပ်မဟာသည် ရုရှားလုပ်Kamov Ka-28 အမျိုးအစား ရေငုပ်သင်္ဘောဖျက်စစ်ဆင်ရေး (ASW)ရဟတ်ယာဉ်များနှင့် Ka-32 ဘက်စုံသုံးရဟတ်ယာဉ်များအပြင် ပို့ဆောင်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးမစ်ရှင်များအတွက် ပြင်သစ်နိုင်ငံလုပ် Eurocopter EC225 Super Puma ရဟတ်ယာဉ်များ အပါအဝင်ရဟတ်ယာဉ်အမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ အဆိုပါ ရဟတ်ယာဉ်များသည် ပင်လယ်ရေကြောင်းကင်းလှည့်ခြင်း၊ ASW စစ်ဆင်ရေးနှင့်ဗီယက်နမ်၏ ကျယ်ပြန့်သော ကမ်းခြေနှင့် ကုန်းမြေများကို အုပ်ချုပ်ထောက်ပံ့မှုပေးရာတွင် များစွာအရေးပါလျက်ရှိသည်။

ထို့ပြင် ဗီယက်နမ်သည် ရေတပ်ဆိုင်ရာ လေကြောင်းရည်မှန်းချက်များ အထောက်အကူပြုမည့် အခြေခံအဆောက်အအုံများတွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ Cam Ranh Airport လေဆိပ်ရှိ အထောက်အကူပြုပစ္စည်းများ တိုးတက်လာမှုသည် အမှတ်(၉၅၄)ရေတပ်ဆိုင်ရာလေကြောင်း တပ်မဟာ၏ တာဝန်ထမ်းဆောင်မှုစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပြုပြင်ထိန်းသိမ်းမှု၊ လေ့ကျင့်သင်တန်းပေးမှုနှင့်တပ်ဖြန့်ချထားမှုတို့အတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

ဆိုရလျှင် အာရှဒေသရှိနိုင်ငံများသည် ပင်လယ်ရေကြောင်းလုံခြုံမှုနှင့်ရေပြင်ပိုင်နက်တို့ကို ကာကွယ်ရေးအတွက် ရေတပ်ဖွဲ့သုံးမောင်းသူပါနှင့်မောင်းသူမဲ့ ရဟတ်ယာဉ်များကို ဝယ်ယူဖြည့်တင်းလျက်ရှိပေသည်။ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ရှည်လျားကျယ်ပြန့်လှသည့် ကမ်းရိုးတန်းများနှင့် အထူးစီးပွားရေးဇုန်များကို ကာကွယ်နိုင်ရေးအတွက် ရေတပ်ဖွဲ့သုံးခေတ်မီရဟတ်ယာဉ်များနှင့် မောင်းသူမဲ့ယာဉ်များ ဝယ်ယူဖြည့်တင်းသွားသင့်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- Helicopters : Guardians of Asia's Evolving Maritime Landscape by ADJ May-June 2025.

**မောင်စိန်အိ(နဘဲမြေ)**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ကျွန်းလှ ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၃၄၀၉၇ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် စပါး ၃၄၀၉၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါး စိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ စပါး ဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားမယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးမယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုး ရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံ တောင်သူများနှင့် ပူးပေါင်းဆောင် ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် စပါး စိုက်ပျိုးရာတွင် အောင်မြင်ဖြစ် ထွန်းပြီး အထွက်နှုန်းကောင်းမွန် စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနဝန်ထမ်းများက မျိုးကောင်း၊ မျိုးသန့် ရွေးချယ်ပေးခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ပိုးမွှားကျရောက်မှုကင်း ရှင်းရေးစသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို တစ်ဧကပန်းတိုင် အထွက်နှုန်းတိုးတက်ကောင်းမွန် အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှု ကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရ ရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့် ရီက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ဝေါမြို့နယ် ကပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဝေါ ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကျေး လက်နေပြည်သူများ အလုပ် အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ကပင်ကျေးရွာ၌ နဝမအကြိမ် မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်း ကို ဇွန် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ် ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူး များ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူ ဘောင်များ၊ စီမံကိန်းလုပ်ငန်း စဉ်အကြောင်းအရာများ၊ ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်း အရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက ကပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာ လုပ်ငန်း အဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၄၇ ဒသမ ၈၈ သန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ အနီးကပ်ကြီး ကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်း ရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင် များက ကပင်ကျေးရွာရှိ စိုက်ပျိုး ရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် သူ ၁၀၁ ဦး၊ စုစုပေါင်း အသင်း သား၊ အသင်းသူ ၁၇၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၇ ဒသမ ၈၈ သန်း ထုတ် ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညီ






အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်နှင့်ကြည်နူး ....

# ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။







(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ်(၂၅၈)နေ နန်အုပ် (ဘ) ဦးအိုက်ဆန်(၁၃/လရန(နိုင်)၀၂၉၀၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၄၂၈၆၃၀၈

## ပျောက်ဆုံးကြောင်း

နမ်းခမ်းမြို့၊ အမှတ်(၁၄)၊ အောင်မေတ္တာရပ်နေ မမြင့်မြင့်အေး (ဘ)ဦးလောလို(၁၃/နခန(နိုင်)၁၀၄၈၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-475086)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၂၂၉၉၈၃၈

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၉)နေ မောင်ပိုင်ဖြိုးအောင် (ဘ) ဦးမြင့်ဖိတ်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၆၇၀၀၉၀၀

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်နေ မောင်စောဝေယံထွန်း (ဘ) ဦးသန်းထွန်းအောင်(၉/ခအဇ(နိုင်)၀၄၂၂၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-206909)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။၀၉-၇၆၁၂၆၆၆၉၉

## မိဘအမည်မှန်

ကချင်ပြည်နယ်၊ဗန်းမော်မြို့နယ်၊ စင်းခန်းကျေးရွာနေ မကော့ဂျာ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလရောင်နှင့် ဒေါ်ငင်းအောင် ဖြစ်ပါကြောင်း။ ဦးလရောင်(၁/ဗမန(နိုင်)၀၆၂၅၇၁)
ဒေါ်ငင်းအောင်(၁/ဗမန(နိုင်)၀၆၂၅၃၂)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ် သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အကွက်အမှတ်(မ-၆၁(၁)/၃)၊ ၃၇ လမ်း၊ ၅၂ x ၅၃ လမ်းကြား ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော် ဦးအောင်မျိုးထွန်းသည် အောက်ဖော်ပြပါတံဆိပ်အမည် (၁)မျိုးဖြင့်

၁။ ရဲမွန်တောင်

အထက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့် အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
ဦးအောင်မျိုးထွန်း(09-770798435)

## အမြန်လာပို့ပါ

ကိုကျော်စန်းလွင် (ခ) ကိုပိုင်
(၉/ခအဇ(နိုင်)၀၀၅၅၉၇) ယူသွားသော
(၁ယ/၂၇၇၃၂) ဆိုင်ကယ်ကို
အမြန်လာပို့ပါ

ဒေါ်နွဲ့နွဲ့အေး(အန်တီ)
(၉/မရမ(နိုင်)၀၅၃၈၄၂)
လမ်း ၈၀၊ ၃၀x ၃၁ လမ်းကြား
ဖုန်း 09-402542711

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် စျေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်ရန်လို...

❖ ကုန်ပစ္စည်းချင်းတူပါက စျေးသက်သာရမည်၊ စျေးချင်းတူပါက အရည်အသွေးကောင်းမွန်ရမည်ဖြစ်...

❖ ယင်းအချက်နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)တွင် ပါဝင်တက်ရောက်ကြမည့်အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)မှ **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

## ဇွန် ၈ ရက်မှ ၁၅ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိ

**နေပြည်တော် ဇွန် ၁၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက် ည ၈ နာရီမှ ဇွန် ၁၅ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၂၈၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့် စပ်လျဉ်း၍ **စာမျက်နှာ ၂၀ ကော်လံ ၄** ❖

**မင်္ဂလာတောင်ညွန့်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၂

